# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (8-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၆၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

၂၆ ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှူဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ

**စာမျက်နှာ ၁၆ ကော်လံ ၁** ☞




ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့ဂုဏ်ဆောင်မည့် မျိုးဆက်သစ်အနုပညာရှင်များ၏စွမ်းရည်ပြပွဲ

ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတွင် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ စရိုက်လက္ခဏာများရှိကြသည်။ မိမိတို့နိုင်ငံတွင်လည်း ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းလျက်ရှိရာ ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခင်နှစ်များနည်းတူ အောက်တိုဘာ ၇ ရက်မှ ၁၃ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို (၁) မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ (၂) ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ (၃) မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ (၄) နိုင်ငံတော်၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့်အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက် ၄ ရပ်ချမှတ်ကာ ကျင်းပ ဖော်ဆောင်ခြင်းဖြစ်သည်။

ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးကိုအစဉ်အားပေးခဲ့ပြီး မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ယဉ်ကျေးမှုနယ်ပယ်၌အပါအဝင်ဖြစ်သည့် နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစတင်၍ ၂၀၁၆ ခုနှစ်ထိ ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်မှစ၍ ၂၃ ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပနိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ၂၄ ကြိမ်မြောက်၊ ၂၀၂၄ ခုနှစ်တွင် ၂၅ ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ်ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း ၂၆ ကြိမ်မြောက်အဖြစ် ကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်များသည် (ဗဟိုအဆင့်)ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ရန် နေပြည်တော်သို့ရောက်ရှိနေပြီဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာများသည် မြန်မာတို့၏အမျိုးသားရေးအမွေအနှစ်များဖြစ်ပြီး ထိုအမွေအနှစ်များကို ထိန်းသိမ်းမြတ်နိုးခြင်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်များ ကိန်းအောင်းလာနိုင်သည်။ မိမိတို့နိုင်ငံတွင် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် တိုင်းရင်းသားအသီးသီး၏ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုသုခုမပညာရပ်များသည် ခေတ်အဆက်ဆက်ခမ်းနားစွာတည်ရှိခဲ့ သည်။ အဆိုပါတည်ရှိခဲ့သည့် စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အစဉ်အလာများကို လျော့နည်းပပျောက်ခြင်းမရှိစေရန် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့်အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေးအတွက် ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၏ဂုဏ်ကိုသာမက နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သောမျိုးဆက်သစ်အနုပညာရှင်များဖြစ်အောင် မိမိတို့၏ရိုးရာယဉ်ကျေးမှုအနုပညာစွမ်းရည်များကို ဖော်ထုတ်ပြသယှဉ်ပြိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
**၈၁**
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့် ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅)ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမိန့် ကြော်ငြာစာအမှတ် (၆၉/၂၀၂၅)ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ မှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံး များနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

# မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကာလဒါနအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၇**

မန္တလေးလျှင်ကြီးကြောင့် တိုင်းဒေသကြီးအတွင်း အဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီး၍ ထိခိုက်သေဆုံးခဲ့သူ များစွာရှိခဲ့ပြီး ပျံလွန်တော်မူသွားခဲ့ကြသော ဆရာတော်၊ သံဃာတော်၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် သေဆုံးကွယ်လွန်သွားကြသူများအား ရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေကာလဒါနအလှူတော်မင်္ဂလာကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ၊ ပြင်ဦးလွင်မြို့ ၃၂ မိုင်ရှိ ဝိပဿီဓမ္မရိပ်သာ၊ မန္တလေးမြို့ စကုတိုက်အောင် မင်္ဂလာပရိယတ္တိ ခြောက်ထပ်ကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒနှင့် ဆရာတော်သံဃာတော် ၁၃၁ ပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ၊ အမျှအတမ်းပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် ၁၃၁ ပါးကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အလှူရှင်များက နေ့ဆွမ်းများ၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြသည်။

အခမ်းအနားတွင် ဆရာတော် သံဃာတော် ၁၃၁ ပါးအတွက် နဝကမ္မဝတ္ထုငွေကျပ် ၁၄၄၁ သိန်း၊ ဆွမ်းသပိတ်နှင့်ဆွမ်း လှူဒါန်းမှုငွေကျပ် ၂၆၂ သိန်းအပါအဝင် လှူဒါန်းမှုစုစုပေါင်းငွေကျပ် ၁၉၁၃ သိန်းရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၅၅ ဧက စိုက်ပျိုးမည်

**ပုသိမ် အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၅၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၅၅ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါမတ်ပဲစိုက်ပျိုးမှုကို နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မတ်ပဲကို လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပုသိမ်မြို့နယ်အတွင်း မတ်ပဲ ၂၁၅၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ကူညီပံ့ပိုးပါမယ်။ ဆောင်းသီးနှံတွေကို နိုဝင်ဘာလမှာ စတင်စိုက်ပျိုးဖို့ ပြင်ဆင်နေပါတယ်။ ဆောင်းသီးနှံတွေ တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်းတိုးလာစေဖို့လဲ ဆောင်ရွက်ပေးပါမယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် မတ်ပဲစိုက်ပျိုးမည့်တောင်သူများကို အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကိုအထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူကပြောပြသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ငါးတပုံ(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ငါးတပုံ(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၆၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငါးတပုံ(မ)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၅၃ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ကျန်ရစ်သူမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နာယက ပါမောက္ခ ဒေါက်တာဦးကိုလေးအားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၆၅၀၀၀၀ လှူဒါန်းရာ နာယက ဦးမောင်ကို၊ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုမေ္မမဏိဇောတရေဦးစိုးလင်းနှင့်တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၅၂၁၁၀ စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၂၁၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၂၁၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ကုလားပဲ ဧက ၅၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးသွားပါမယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ် စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# သဲကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သဲကုန်း အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကရင်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးထက်နောင်နှင့်ဝန်ထမ်းများက ကရင်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ကရင်ကုန်းကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၃ ဒသမ ၉ သန်းဖြင့် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လတတိယပတ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးလွင်စိုးက ပြောပြ၍ သိရသည်။ **အေးမြတ်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမြွေထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ငါးမြွေထိုးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငါးမြွေထိုးများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ တင်ပို့ရောင်းချခဲ့ရာ ဩဂုတ်လအတွင်းက ငါးမြွေထိုးပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးမြွေထိုး ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရေထွက်ကုန်တွေကို လစဉ်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့လ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးတွေ တင်ပို့ရောင်းချမှုကောင်းခဲ့ပါတယ်။ တစ်လအတွင်း ငါးမြွေထိုး ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ငါးတွေကို မှာယူမှုကောင်းနေပါတယ်။ အခုလို ငါးမြွေထိုးတွေ မှာယူမှုများလာတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန် အဆင်ပြေလာပါတယ်" ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုး တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးမြွေထိုးများ ပိုမိုတင်ပို့ရောင်းချနေရသောကြောင့် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းကောင်းနေကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံကျူးကျော်စစ်နှင့် ဣန္တပစ္စရာကျောက်စာ

မောင်သာ(ရွှေဟောင်းသုတေသန)

စည်းလုံးညီညွတ်သည့် ပထမမြန်မာနိုင်ငံတော်ကို ပုဂံဘုရင်အနိရုဒ္ဓ(၁၀၄၄-၁၀၇၇)က ထူထောင်နိုင်ခဲ့သော်လည်း ၁၂၈၇ ခုနှစ်တွင် ပြည်ပကျူးကျော်မှုကြောင့် ပုဂံပျက်ခဲ့သည်။ ထိုအချိန်သည် နရသီဟပတေ့မင်းလက်ထက် (၁၂၅၆-၁၂၈၇) ဖြစ်သည်။ နရသီဟပတေ့သည် တရုတ်ပြေးမင်းဟု အမည်ဆိုးဖြင့် ထင်ရှားခဲ့ကာ ပုဂံ၏ ကြီးကျယ်ခဲ့ခြင်း၏ နောက်ဆုံးတံခါးကို ပိတ်ခဲ့သောမင်းဖြစ်သည်ဟု သမိုင်းပညာရှင် ဒေါက်တာတိုးလှက ရေးသားခဲ့သည်။

နရသီဟပတေ့သည် ပုဂံကိုကျူးကျော်သူ မွန်ဂိုတို့၏မြားချက်ကို မခံရဘဲ သားတော်ပြည်စားသီဟသူ၏ အဆိပ်ကြောင့် အနိစ္စရောက်ခဲ့သည့် ဘုရင်ဖြစ်ကာ မွန်ဂိုတို့၏ ကျူးကျော်စစ်ကို ရင်မဆိုင်ဘဲ ပုဂံမှ ပြည်မြို့ အနောက်ဘက်ရှိ လှည်းကျွန်းသို့ ထွက်ပြေးခဲ့သဖြင့် ပုဂံသည် ကျူးကျော်သူများ၏ ဖျက်ဆီးမှုကို ခံခဲ့ရသည်။

ထိုအချိန်တွင် အမတ်ကြီးများပင် စစ်ထွက်ခဲ့ရသည့် မှတ်တမ်းကျောက်စာတစ်ချပ်ရှိခဲ့ရာ ထိုကျောက်စာသည် သက္ကရာဇ် ၆၄၀ ပြည့်တွင် ရေးထိုးခဲ့သည့် ဣန္တပစ္စရာကျောက်စာဖြစ်သည်။

**ပုဂံမပျက်မီ သမိုင်းနောက်ခံ**

မွန်ဂိုတို့နှင့် ပုဂံကြား ဆက်ဆံရေးမပြေလည်မှုသည် ၁၂၇၁ ခုနှစ်တွင် စတင်ဖြစ်ပေါ်ခဲ့သည်။ ထိုနှစ်ဝန်းကျင်တွင် မွန်ဂိုဧကရာဇ်လက်အောက်ခံ ယူနန်တို့သည် ဧကရာဇ်၏အမိန့်အတိုင်း မွန်ဂိုသံအဖွဲ့တစ်ဖွဲ့ကို ပုဂံသို့စေလွှတ်ခဲ့သည်။ ထိုသံအဖွဲ့က ပုဂံကို ၎င်းတို့၏လက်အောက်ခံ ပဏ္ဏာဆက်နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုပြီး လက်ဆောင်ပဏ္ဏာများကို နှစ်စဉ်ဆက်ရန် လာရောက်အကြောင်းကြားရန်ဖြစ်ကြောင်းကို ပုဂံဘုရင် နရသီဟပတေ့က သိရှိခဲ့သည်။ ထို့ကြောင့် ထိုသံအဖွဲ့ကို ပုဂံနန်းတော်အတွင်းသို့ ဝင်ခွင့်မပြုဘဲ ရက်ကြာမြင့်စွာ အချိန်ဆွဲထားခဲ့သည်။ နောက်ဆုံးတွင် သံအဖွဲ့က မစောင့်နိုင်တော့ဘဲ ပြန်မည်ဟုဆိုချိန်တွင် ဘုရင်နရသီဟပတေ့က သံအဖွဲ့ကို မှူးမတ်များနှင့်သာတွေ့စေကာ သင့်တင့်လျောက်ပတ်အောင်ပြောဆိုပြီး ပြန်သွားစေခဲ့သည်။

၁၂၇၂ ခုနှစ်တွင် ပုဂံဘုရင်သည် မြန်မာနိုင်ငံအရှေ့မြောက်ဖျားဒေသကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုဒေသများသည် မွန်ဂိုဧကရာဇ် လက်အောက်ခံယူနန်တို့နှင့် သင့်မြတ်သောနေရာများဖြစ်သောကြောင့် ပုဂံဘုရင်က မွန်ဂိုတို့၏ လက်အောက်ခံအဖြစ်အညံ့ခံမည်မဟုတ်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မွန်ဂိုဧကရာဇ်သည် ပုဂံကိုစည်းရုံးရန် ၁၂၇၃ ခုနှစ်တွင် သံအဖွဲ့ဝင် သုံးဦးကိုပုဂံသို့ စေလွှတ်ခဲ့သည်။

ထိုသံအဖွဲ့ဝင်သုံးဦးသည် မွန်ဂိုတို့ထံပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် မွန်ဂိုဧကရာဇ်က ပုဂံဘုရင်အပေါ် အထင်မှားခဲ့ဟန်ရှိခဲ့သည်။ သံသုံးဦးသည် လမ်းခရီး၌ မည်သို့ပျောက်ဆုံးသွားကြောင်း မသိရသော်လည်း မင်္ဂလာစေတီကျောက်စာ၌ ရေးထိုးထားသည့် "မင်းတို့ကား တမန်ကို မချုပ်ရာ"ဟူသည့် ပုဂံဘုရင် နရသီဟပတေ့စကားကြောင့် ပုဂံဘုရင်၏ ဖမ်းဆီးချုပ်နှောင်မှုကြောင့် ပျောက်ဆုံးသွားခြင်းမဟုတ်ဟုယူဆရဖွယ်ရှိသည်။

သံသုံးဦးကို ပုဂံသို့စေလွှတ်ခဲ့ပြီးနောက် မွန်ဂိုတို့သည် ထိုသံများ၏ အခြေအနေကိုသိရှိရန် ယူနန်မှ အရာရှိတစ်ဦးကို ထပ်မံစေလွှတ်ခဲ့သည်။ သို့သော် ထိုအရာရှိက သောင်းကျန်းသူများကြောင့် ပုဂံခရီးလမ်းကြောင်းသည် အဆင်ပြေမှုမရှိကြောင်း မွန်ဂိုဘုရင်ထံ အစီရင်ခံတင်ပြခဲ့သည်။

မွန်ဂိုတို့သည် ပုဂံဘုရင်အပေါ်ကျေနပ်မှုမရှိသဖြင့် ၁၂၇၇ ခုနှစ်တွင် မြန်မာတရုတ်နယ်စပ်ဒေသ၌ တိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ်တိုက်ခိုက်မှုတွင် မွန်ဂိုတို့သည် ငဆောင်ချမ်းနှင့် ကောင်းစင်တို့ကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြသည်။ ၁၂၇၇ ခုနှစ် ဧပြီလတွင် မွန်ဂိုများကို ပုဂံဘုရင့်တပ်များက သွားရောက်တိုက်ခိုက်ခဲ့သော်လည်း အရေးနိမ့်ခဲ့သည်။ သို့သော် ငဆောင်ချမ်းနှင့် ကောင်းစင်တွင် တပ်စွဲထားသည့် မွန်ဂိုများသည် ၁၂၇၈ ခုနှစ်၊ နွေရာသီတွင် ထိုဒေသများမှ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။



ဣန္တပစ္စရာကျောက်စာကိုတွေ့ရှိခဲ့သည့် သမ္ဗျူလဘုရားကို ဖူးတွေ့ရစဉ်။

မွန်ဂိုများပြန်သွားချိန်တွင် နရသီဟပတေ့မင်းသည် ငဆောင်ချမ်းနှင့် ကောင်းစင်သို့ အမတ်ဣန္တပစ္စရာကိုစေလွှတ်ခဲ့ရာ အမတ်ကြီးသည် ထေရကျောင်းတစ်ကျောင်းကို တည်ဆောက်နေစဉ် မပြီးပြတ်သေးမီမှာပင် ငဆောင်ချမ်းသို့ သွားခဲ့ရကြောင်းကို သူ၏အလှူမှတ်တမ်းကျောက်စာတွင် ထည့်သွင်းရေးထိုးခဲ့သည်။

**တရုတ်ပြေးမင်းနရသီဟပတေ့**

နရပတီဟပတေ့သည် ပုဂံဘုရင်ဥစ္စနာမင်း(၁၂၄၉-၁၂၅၆)နှင့် မိဖုရားစုလည်းထုံးတို့၏ သားတော်ဖြစ်သည်။ ဥစ္စနာမင်း နတ်ရွာစံပြီးနောက် မင်းယန်က နှစ်လကြာ ထီးနန်းဆက်ခံခဲ့ပြီးနောက် ၁၂၅၆ ခုနှစ်၌ပင် နရသီဟပတေ့သည် ပုဂံထီးနန်းကိုရရှိကာ ပုဂံဘုရင်ဖြစ်လာခဲ့သည်။

ဦးကုလား မဟာရာဇဝင်ကြီး၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ တွင်းသင်းမဟာရာဇဝင်သစ်နှင့် မုံရွေးမဟာရာဇဝင်ကျော်အပါအဝင် မြန်မာရာဇဝင်ကျမ်းများတွင် နရသီဟပတေ့၏ ငယ်နာမည်ကို မင်းခွေးချေးဟု ရေးသားဖော်ပြကြသည်။ သို့သော် အမည်မှန်သည် မင်းခွေသာဖြစ်ကြောင်း တရုတ်ပြေးမင်း၏ အမှာတော်ပုံ ပေမူတွင် "မင်းခွေနာမဿရာဇကုမာရဿ"ဟုရေးထားကြောင်းသမိုင်းသုတေသီဆရာတင်နိုင်တိုးက ဖော်ထုတ်ကာ နရသီဟပတေ့၏ အမည်သည် မင်းခွေးချေး မဟုတ်ကြောင်း ရေးသားခဲ့သည်။

နရသီဟပတေ့သည် ခမည်းတော် ဥစ္စနာမင်း ဒလသို့ ဆင်ကျော့ရန်သွားစဉ် ခမည်းတော်နှင့်အတူ လိုက်ပါသွားခဲ့သည်။ ခမည်းတော်သည် ဒလ၌အနိစ္စရောက်ခဲ့သဖြင့် နှစ်လအတွင်း၌ နရသီဟပတေ့သည် ဒလ၌ပင် ပုဂံဘုရင်အဖြစ်ဆက်ခံပြီးမှ ၁၂၅၆ ခုနှစ်၊ မေလ ၂၄ ရက်တွင် ပုဂံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ခမည်းတော် အနိစ္စရောက်ပြီးစတွင် အမိကွဲ ညီအစ်ကိုမင်းယဉ်က နှစ်လဝန်းကျင်မျှ ပုဂံဘုရင်ဖြစ်ခဲ့သဖြင့် နရသီဟပတေ့သည် ခမည်းတော် ဥစ္စနာမင်းကို ဆက်ခံခြင်းမဟုတ်ဘဲ မင်းယဉ်ကိုသာ ဆက်ခံခြင်းဖြစ်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ထောက်ပြခဲ့သည်။

နရသီဟပတေ့မင်းလက်ထက်တွင် ၁၂၈၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် မွန်ဂိုတို့လက်သို့ ကောင်းစင်ကျပြီးနောက် မွန်ဂိုများက မြန်မာတို့အညံ့ခံကာ ၎င်းတို့လက်အောက်သို့ ဝင်လာလိမ့်မည်ဟု ယူဆကာ သံနှစ်ဦးကိုစေလွှတ်၍ အညံ့ခံရန် ဆင့်ဆိုခဲ့သည်။ ပုဂံဘက်ကမည်သို့မျှ မပြန်ကြားခဲ့ဘဲ ဧရာဝတီမြစ်ကြောင်းအတိုင်း ကောင်းစင်မှ တကောင်းသို့ စုန်ဆင်းကာ တကောင်း(သင်းတွဲ)တွင် တပ်ချ၍ မွန်ဂိုတို့ကို ခုခံရန် ပြင်ဆင်ခဲ့သည်။ မွန်ဂိုတို့က တကောင်းသို့ ရဟန်းတော်တစ်ပါးကိုစေလွှတ်ကာ ဖျောင်းဖျခဲ့သော်လည်း မြန်မာတို့က ထိုရဟန်းတော်ကို သတ်ဖြတ်ခဲ့သည်ဟုဆိုသည်။ စစ်မက်ဖြစ်ပွားနေစဉ် ရောက်ရှိလာသူသည် ရဟန်းအစစ်လော၊ ဘာသာရေးအရေခြုံထားသည့် သူလျှိုလောဟု မခွဲခြားနိုင်သဖြင့် ကွပ်မျက်ခြင်းဖြစ်နိုင်ကြောင်း သုတေသနမှူး ဦးရည်စိန်က သုံးသပ်ခဲ့သည်။

ထို့ကြောင့် မွန်ဂိုတပ်များသည် တကောင်း၌ တပ်စွဲနေသည့်မြန်မာတို့ကို အလုံးအရင်းဖြင့်တိုက်ခိုက်ခဲ့သဖြင့် ၁၂၈၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်တွင် တကောင်းကျခဲ့သည်။ မွန်ဂိုတို့သည် မလည်ကို သိမ်းပိုက်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းသို့ ချီတက်တိုက်ခိုက်ရန် ရည်ရွယ်ခဲ့သော်လည်း တစ်နှစ်ကြာသည်ထိ မတိုက်နိုင်ခဲ့ချေ။

မြန်မာတို့တပ်ပျက်ပြီဟု ကြားသိရသဖြင့် နရသီဟပတေ့သည် ပုဂံမှအောက်ဘက်သို့ စုန်ဆင်းသွားခဲ့သဖြင့် တရုတ်ပြေးမင်းဟု အမည်တွင်ခဲ့သည်။ နရသီဟပတေ့သည် ပြည်အနောက်ဘက်ရှိ လှည်းကျွန်းအရပ်၌ နှစ်နှစ်နီးပါးနေထိုင်ချိန်တွင် မွန်ဂိုတို့သည် ပုဂံကိုလာရောက်တိုက်ခိုက်ခဲ့ခြင်း မရှိသော်လည်း တစ်ချိန်ချိန်တွင် တိုက်ခိုက်လာနိုင်ကြောင်း ဘုရင်နရသီဟပတေ့က တွက်ဆခဲ့သည်။ ထို့ကြောင့် နရသီဟပတေ့သည် မွန်ဂိုဘုရင်နှင့် စေ့စပ်ရန် အမတ်အနန္တပိစည်နှင့်မဟာပိုတို့ကို ၁၂၈၅ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် တကောင်းသို့ စေလွှတ်ခဲ့သည်။

အနန္တပိစည်နှင့် မဟာပိုတို့သည် ဆွေးနွေးပွဲသို့ နှစ်ဦးတည်းသာသွားလျှင် မွန်ဂိုဘုရင်နှင့်ပိုင်နိုင်စွာ ဆွေးနွေးနိုင်မည်မဟုတ်သဖြင့် ဘုရင့်ဆရာတော် သျှင်ဒိသာပြာမုက်ကိုစေလွှတ်လျှင် ပိုမိုသင့်လျော်မည်ဟု မှူးမတ်များက ဘုရင်နရသီဟပတေ့ထံ လျှောက်ထားခဲ့ဟန်ရှိကြောင်း ဦးရည်စိန်၏ စာတမ်းတွင် ဖော်ပြခဲ့သည်။ ထို့ကြောင့် သျှင်ဒိသာပြာမုက်သည် မွန်ဂိုဘုရင် ကူဗလိုင်ခန်နှင့် တွေ့ဆုံဆွေးနွေးကာ နှစ်နိုင်ငံကြား ငြိမ်းချမ်းရေးကို အောင်မြင်စွာညှိနှိုင်းနိုင်ခဲ့ကြောင်း မင်္ဂလာစေတီတွင် စိုက်ထူခဲ့သည့် ရှင်ဒိသာပြာမုတ်ကျောက်စာတွင် မှတ်တမ်းအခိုင်အမာတွေ့ရှိကြရပေသည်။

**ဣန္တပစ္စရာကျောက်စာ**

ပုဂံနှင့်မွန်ဂိုတို့ကြား စစ်ရေးတင်းမာမှုများဖြစ်ပေါ်နေချိန်တွင် ငဆောင်ချမ်းသို့ စေလွှတ်ခံခဲ့ရသူသည် ပုဂံဘုရင်နရသီဟပတေ့၏ အမတ်ကြီးဣန္တပစ္စရာဖြစ်သည်။ ထိုအမတ်ကြီး၏ အကြောင်းခြင်းရာသည် များစွာထင်ရှားခြင်းမရှိသော်လည်း ပုဂံ၊ မင်းနန်သူရွာအနီးရှိ သမ္ဗျူလဘုရားတောင်ဘက်ရှိ အုတ်ကျောင်းပျက်တစ်ခုတွင် တွေ့ရှိခဲ့သည့် ကျောက်စာတွင် ရေးထိုးထားသည့် စာသားများတွင် အမတ်ကြီးအကြောင်းများပါဝင်ခဲ့သည်။

ထိုကျောက်စာကို ပုဂံ၊ မင်းနန်သူအရပ်ရှိ ကဿပဘုရားနှင့် သမ္ဗျူလဘုရားတောင်ဘက်မှ ရရှိခဲ့ကာ ကျောက်စာကို ကူးယူချိန်တွင် အစောကြွမ်းဘုရားအနောက်ဘက်မုခ်၊ တောင်ဘက်နံရံနှင့် ကပ်လျက်နေရာတွင်တည်ရှိခဲ့သည်။ ထိုနေရာသည် ကဿပဘုရားစုနေရာဖြစ်၍ ထူပါပုထိုးတော်(ပုဂံဘုရားအမှတ် ၄၉၅)၊ အနောက်ကဿပဘုသရား(ပုဂံဘုရားအမှတ် ၅၀၆)၊ အရှေ့ကဿပဘုရား (ပုဂံဘုရားအမှတ် ၅၀၅)နှင့် အစောကြွမ်းဂူဘုရား(ပုဂံဘုရားအမှတ် ၄၉၁)တို့ စုစည်းတည်ရှိနေကြသည်။

ဣန္တပစ္စရာကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ စာကြောင်းရေ ၃၁ ကြောင်းရေးထိုးထားသည်။ ကျောက်စာထိပ်တွင် "စလင်အရပ်မုရိဝ်ကုန် နှိုက်လဲ ၂၀၊ မြင်ခုန်တိုင်အနက် ပန်ထျန်ရွာရှိယ်နှက် မွိယ် ၅၀၊ လဲစင်ဟုတွင်"ဟု စာခေါင်းချီထားသည့် စာကြောင်းနှစ်ကြောင်းကို တွေ့ရှိရသည်။

ကျောက်စာတွင်ရေးထိုးထားသည့် မှတ်တမ်းအရ သက္ကရာဇ် ၆၄၀ ခု (၁၂၇၈ ခုနှစ် ဝန်းကျင်)တွင် မဟာကဿပအရပ်၌ ထေရကျောင်းမရှိသဖြင့် အမတ်ကြီးဣန္တပစ္စရာသည် မဟာထေရ်အတွက် ကျောင်းဆောက်ရန် ရည်မှန်းခဲ့သည်။ ထို့ကြောင့် ကျောင်းဆောက်ရန် တံတိုင်းကို စတင်တည်ဆောက်ခဲ့ပြီး တံတိုင်းမပြီးစီးမီ အမတ်ကြီးသည် ငဆောင်ချမ်း၌ နေရလေ၏ဟု ရေးထိုးထားသည်။ မွန်ဂိုများသည် ၁၂၇၈ ခုနှစ် နွေရာသီတွင် ထိုဒေသများမှ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။ ကျောက်စာတွင် အမတ်ကြီး ငဆောင်ချမ်းသို့ သွားရောက်နေထိုင်ခဲ့ရသည့်လမပါရှိသဖြင့် အမတ်ကြီး ရောက်ရှိသွားချိန်တွင် မွန်ဂိုများရှိ၊ မရှိ တပ်အပ်သေချာမပြောနိုင်ခဲ့ချေ။

ထိုကျောက်စာသည် ကျောင်းဆောက်မည့် အမတ်ကြီး ဣန္တပစ္စရာသည် ရှေ့တန်းစစ်မျက်နှာသို့ထွက်ခဲ့ရသဖြင့် ကျောင်းမဆောက်နိုင်ဘဲ ဖြစ်ခဲ့ရသည်ကိုဖော်ပြသည့် မှတ်တမ်းဖြစ်ကြောင်း သမိုင်းပညာရှင် ဒေါက်တာတိုးလှက သုံးသပ်ရေးသားခဲ့သည်။

စာမျက်နှာ ၅ သို့ á

## ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးသီးနှံစုံ ၄၅၃၂၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးသီးနှံစုံ ၄၅၃၂၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးအတွက် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်သီးနှံ၊ ငှက်ပျော စသည့် မိုးသီးနှံစုံ ၁၃၄၅၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ မိုးသီးနှံစိုက်ခင်းများကို ယခုနှစ် ဇူလိုင်လကုန်ပိုင်းမှ စတင်ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့ထိ မိုးသီးနှံစုံ ၄၅၃၂၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မိုးသီးနှံစုံ ၁၃၄၅၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံစိုက်ခင်းတွေကို ဒီနေ့ထိ ၄၅၃၂၁ ဧက ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ မိုးသီးနှံတွေ သိမ်းဆည်းခြင်းနဲ့ပတ်သက်ပြီး အထွက်နှုန်းများ လျော့နည်းမှုတွေမဖြစ်စေရေးအတွက် စနစ်တကျသိမ်းဆည်းကြဖို့၊ အရည်အသွေးကောင်းတဲ့ သီးနှံတွေရရှိဖို့ အမိုးအကာအောက်မှာစနစ်တကျ သိမ်းဆည်းနိုင်ဖို့ ဒေသခံတောင်သူတွေကို အချိန်မီသီးနှံရိတ်သိမ်းနည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ရိတ်သိမ်းပြီးစီးသည့် မိုးသီးနှံစုံဧက ၄၅၃၂၁ တွင် ဖူးစားပြောင်း ၁၆၈၉ ဧက၊ ပဲတီစိမ်း ၆၄၀၉ ဧက၊ မြေပဲ ၅၂၆၇ ဧက၊ နှမ်း ၂၄၀၆၅ ဧက၊ နေကြာ ၉၃၀ ဧက၊ ကွမ်း ၁၅ ဧက၊ ငရုတ် ဧက ၄၁၀၊ သီးပင်စားပင်သီးနှံစုံ ၁၆၈၄ ဧက၊ ကျွဲ၊ နွားတိရစ္ဆာန်အစာ ၄၈၅၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

မိုးသီးနှံစုံများ စိုက်ပျိုးရာတွင် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံစိုက်ပျိုးခြင်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

á **စာမျက်နှာ ၄ မှအဆက်**

ဆက်လက်၍ ပြည်ထဲပျက်စီးခဲ့ရသည်ဟုဖော်ပြထားရာ ပုဂံသည် ၁၂၈၇ ခုနှစ်ကတည်းက မွန်ဂိုတို့၏ ကျူးကျော်မှုကြောင့်ပျက်ခဲ့ကာ နရသီဟပတေ့ကို ဆက်ခံသည့် ပုဂံဘုရင်များသည် တန်ခိုးသြဇာနည်းပါးသည့် မင်းသိမ်မင်းငယ်များသာဖြစ်သည်ဟု ဒေါက်တာတိုးလှက ဖော်ပြခဲ့သည်။

ကျောက်စာ၏ ဒုတိယပိုင်းသည် သက္ကရာဇ် ၆၅၅ ခု တန်ဆောင်မုန်းလဆန်း ၅ ရက်တွင် အမတ်ကြီး ဣန္ဒပစ္စရာ တည်ဆောက်မှုမပြီးစီးခဲ့သည့်ထေရကျောင်းကို အမတ်ကြီး၏ သမီးနှင့်သမက်ဖြစ်သူ အမတ်ပုညတို့က ဆက်လက်တည်ဆောက်ကြောင်း ရေးထိုးထားသည့် အပိုင်းဖြစ်သည်၊ ထိုအချိန်တွင် နရသီဟပတေ့မရှိတော့ဘဲ သားတော်ကျော်စွာမင်း (၁၂၈၇-၁၂၉၈) နန်းစံနေသည့်ကာလဖြစ်သည်။

အလှူရှင်များသည် တံတိုင်း၊ ကုလားကျောင်းနှင့် ကျောင်းဦးစလစ်တို့ကိုတည်ဆောက်ပြီး သာသနာနှစ် ၅၀၀၀ တည်တံ့စေရန် ရည်မှန်းလျက် လယ်မြေများကိုပါလှူဒါန်း၍ အလှူစာရင်းကိုဖော်ပြခဲ့သည်။ ထိုကောင်းမှုကုသိုလ်ကြောင့် ဆင်းရဲမရှိဘဲ စည်းစိမ်ချမ်းသာကြီးစွာဖြစ်ချင်ကြောင်း၊ ပညာနှင့် တန်ခိုးကြီးစွာ သဒ္ဓါကြီးစွာဖြစ်ချင်ကြောင်း၊ ပေး၍ကုန်သည်ဟုမရှိဘဲ ပေးပြီးသောအလှူကို နောင်တမရှိချင်ကြောင်း ဆုတောင်းခဲ့သည်။

ထိုကောင်းမှုကို သခင်မင်းကြီး၊ အမတ်ကြီး အသင်္ခယာ၊ ရာဇသင်္ကြံ၊ သိင်္ခသူတို့ရပါစေ၊ မင်းကြီး အမိ၊ မိဖုရား စသောမောင်းမတို့လည်းရပါစေ၊ နတ်ပြည်ခြောက်ထပ်နှင့် ဖြဟ္မာဘုံ ၂၀ သားတို့လည်းရပါစေ၊ ဤကောင်းမှုကြောင့် ငရဲဘုံတွင် ခံနေရသူများလည်း လွတ်ကြပါစေဟု အမျှဝေခဲ့သည်။ ပုဂံကျောက်စာများတွင် ပါရှိလေ့ရှိသည့်အတိုင်း မိမိကောင်းမှုကိုဖျက်ဆီးသူသည် ဘုရားကိုမဖူးရစေသတည်း၊ ငရဲကြီး ရှစ်ထပ်၊ ငရဲငယ် ၁၂၈ ထပ်၌ ကျက်စေသတည်းဟုကျိန်စာဆိုကာ ကျောက်စာကို နိဂုံးချုပ်ထားသည်။

အမတ်ကြီး ဣန္ဒပစ္စရာကျောက်စာသည် သမီးနှင့် သမက်တို့၏ အလှူမှတ်တမ်းတစ်ခုပင်ဖြစ်သော်လည်း ပုဂံခေတ်နှောင်းပိုင်းကာလတွင် ရှေ့တန်းစစ်မြေပြင်သို့သွားခဲ့ရသည့် အမတ်တစ်ဦး၏မှတ်တမ်းလည်းဖြစ်ခဲ့ပေသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ(တတိယတွဲ)(ဦးငြိမ်းမောင်)**
- **ပုဂံဆက် (ဒေါက်တာသန်းထွန်း)**
- **ကျောက်စာပါ ပုဂံလွန်သမိုင်း(တိုးလှ)**
- **ရှင်ဒိသာပါမောက္ခငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့ (ဦးရည်စိန်)**

## အောင်သတင်းနဲ့ ရွှေမြန်မာ

\- အောင်သတင်းတွေနဲ့
အောင်ခြင်းတဲ့အစုစုံ၊
ကြားရသူ နှလုံးသား
အပြုံးပွားလို့ခုန်၊
မျိုးမြန်မာ့တိုင်းနယ်ဘုံ
အရိုင်းရယ်ကုန်လို့ လုံခြုံခဲ့၊
မြန်မာပြည် သားအလှတို့
အားပြနေရဲ့။

\- မြန်သားဟာ တရားမမဲ့
အားမနဲ့တဲ့ အမျိုးပေ၊
သူ့နေရာ သူ့အရပ်ကို
မကျူးတတ်ပါအဆွေ၊
ကိုယ့်အရပ် ဇာတိမြေ
လာထိလေတော့ မခံကြ၊
ပြည်သားသူ လက်တွဲချိတ်
ရဲစိတ်ကို ပြ။

\- ဇာတိမာန် နိုးကြားသမျှ
တန်ခိုးကြွားရတဲ့ တို့မြန်မာ၊
တိုင်းရင်းစုံ ရှုမငြီးအောင်
စုစည်းကြပါ၊
အေးချမ်းလို့ ပြည်သာယာ
ရွှေမြန်မာတို့ ဂုဏ်ရောင်တောက်၊
ဖြိုးလျက်ဝေပါလို့
မျိုးဆက်တွေအခြေသစ်မဲ့
အိုကွယ်...
ရွှေခေတ်ဆီလျှောက်။ ။

**လွမ်းလေးကို(သရက်)**

# မိုးနဲမြို့နယ် ကုန်းလုံကျေးရွာ၌ သဲဖြုန်းလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကုန်းလုံကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကုန်းလုံကျေးရွာတွင် ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ အရှည် ပေ ၃၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ သဲဖြုန်းလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၄၀ စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၁၉၀ အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုး ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သော်ဇင်ထူး**

# နိုင်ငံတကာ သတင်းများ

## ဝန်ကြီးချုပ်လီချန်းဦးဆောင်သည့် တရုတ်အစိုးရ ကိုယ်စားလှယ်အဖွဲ့ မြောက်ကိုရီးယားသို့သွားရောက်မည်



**ပြုံယမ်း အောက်တိုဘာ ၇**

ဝန်ကြီးချုပ်လီချန်း ဦးဆောင်သည့် တရုတ်အစိုးရကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၉ ရက်မှ ၁၁ ရက်ထိ မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မြောက်ကိုရီးယား ခရီးစဉ်အတွင်း ဝန်ကြီးချုပ်လီချန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြောက်ကိုရီးယား အလုပ်သမားပါတီ တည်ထောင်မှု နှစ် ၈၀ ပြည့်အခမ်းအနားများသို့ တက်ရောက်မည်ဖြစ်သည်။

ဝန်ကြီးချုပ်လီချန်း၏ မြောက်ကိုရီးယားခရီးစဉ်ကို တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနကလည်း ယနေ့တွင် အတည်ပြုသတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆွေးနွေးမှုများမြှင့်တင်ရန် မိမိတို့အနေဖြင့် မျှော်လင့်ထားကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားအလုပ်သမားပါတီ ဖွဲ့စည်းတည်ထောင်မှု နှစ် ၈၀ ပြည့် အခမ်းအနားသို့ ရုရှားနိုင်ငံ၏ လက်ရှိအာဏာရ ယူရိုက်တက် ရုရှားပါတီဥက္ကဋ္ဌ ဒီမီထရီ မက်ဗီဒက် ဦးဆောင်သော ရုရှားကိုယ်စားလှယ်အဖွဲ့လည်း ပါဝင်တက်ရောက်မည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ အဓိကစီးပွားရေးနှင့် နိုင်ငံရေး မိတ်ဖက်နိုင်ငံများ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပြင်သစ်သမ္မတ မက်ခရွန် ရာထူးမှနုတ်ထွက်ပေးရန်တောင်းဆိုမှုများဖြင့် ရင်ဆိုင်နေရ

**ပဲရစ် အောက်တိုဘာ ၇**

ပြင်သစ်နိုင်ငံရင်ဆိုင်နေရသည့် နိုင်ငံရေးအကျပ်အတည်း ပြီးဆုံးရေးအတွက်လွှတ်တော်ရွေးကောက်ပွဲများ သတ်မှတ်ချိန်ထက်စော၍ ကျင်းပပေးရန် ဖိအားပေးတောင်းဆိုမှုများကို ပြင်သစ်သမ္မတ မက်ခရွန် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ယနေ့တွင် ဖော်ပြထားသည်။




ထို့ပြင် လက်ရှိနိုင်ငံရေးအကျပ်အတည်း အဆုံးသတ်ရေးအတွက် သမ္မတမက်ခရွန် ရာထူးမှနုတ်ထွက်ပေးရန်လည်း ပြင်သစ်နိုင်ငံရေးအင်အားစုများက တောင်းဆိုလျက်ရှိသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် ပြီးခဲ့သည့်နှစ်အတွင်း ပြင်သစ်လွှတ်တော် ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍ ကျင်းပခဲ့ပြီးနောက် ပြင်သစ်နိုင်ငံ၌ နိုင်ငံရေးအကျပ်အတည်းဖြင့် စတင်ရင်ဆိုင်ခဲ့ရသည်။

၂၀၂၂ ခုနှစ် ပြင်သစ်လွှတ်တော် ရွေးကောက်ပွဲတွင် မည်သည့်နိုင်ငံရေးအင်အားစုကမျှ လွှတ်တော်ကို ထိန်းချုပ်နိုင်သည့် အမတ်အင်အားမျိုး မရရှိခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ လက်ရှိရင်ဆိုင်နေရသည့် နိုင်ငံရေးအကျပ်အတည်းသည်ပဉ္စမပြင်သစ်နိုင်ငံတည်ထောင်ခဲ့သည့် ၁၉၅၈ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံး နိုင်ငံရေးအကျပ်အတည်းဖြစ်သည်။

ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုမှုများ ရှိနေသော်လည်း လက်ရှိရာထူးသက်တမ်းကုန်ဆုံးချိန် ၂၀၂၇ ခုနှစ်ထိ သမ္မတတာဝန်ကို ဆက်လက်ရယူထားမည်ဖြစ်ကြောင်း သမ္မတမက်ခရွန်က ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အမေရိကန်ဆေးဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း အဝေးပြေးလမ်းပေါ်ပျက်ကျခဲ့ရာ လိုက်ပါလာသူ သုံးဦး ပြင်းထန်စွာဒဏ်ရာရရှိ

**ဝါရှင်တန် အောက်တိုဘာ ၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ယနေ့တွင် ဆေးဘက်ဆိုင်ရာ ရဟတ်ယာဉ် တစ်စင်း အဝေးပြေးလမ်းပေါ်သို့ ပျက်ကျခဲ့ကြောင်း သိရသည်။

ဆေးဘက်ဆိုင်ရာရဟတ်ယာဉ် ပျက်ကျမှုကြောင့် ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူ သုံးဦး ပြင်းထန်စွာ ဒဏ်ရာများရရှိခဲ့ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ရဟတ်ယာဉ်သည် ယနေ့ နံနက်ပိုင်းတွင် ဆက်ကရာမင်တိုမြို့ အတွင်းရှိ အမှတ် ၅၀ အဝေးပြေး လမ်းပေါ်သို့ ပျက်ကျခဲ့ခြင်း ဖြစ်သည်။

အဆိုပါရဟတ်ယာဉ်သည် ဆက်ကရာမင်တိုမြို့ ယူစီဒေးဗစ်ဆေးရုံမှ ပျံတက်ခဲ့ပြီး မိနစ်အနည်းငယ်အကြာမှာပင် ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း လေကြောင်းခရီးစဉ် စောင့်ကြည့်ရေးဝက်ဘ်ဆိုက်များ၏ အဆိုအရ သိရသည်။



ပျက်ကျခဲ့သည့် ရဟတ်ယာဉ်ပေါ်တွင် ရဟတ်ယာဉ်မှူးတစ်ဦး၊သူနာပြုတစ်ဦးနှင့် ဆေးဝန်ထမ်းတစ်ဦးတို့ လိုက်ပါခဲ့ကြပြီး လူနာသယ်ဆောင်ထားခြင်းမရှိကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် မြေပြင်ရှိ မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိခဲ့ကြောင်း ဆက်ကရာမင်တိုရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အဲဘက်အေ ၃၂၀ ခရီးသည်တင်လေယာဉ်များ ရောင်းချရမှုအများဆုံးလေယာဉ်အမျိုးအစားဖြစ်လာ

**ပဲရစ် အောက်တိုဘာ ၇**

ဥရောပအခြေစိုက် အဲဘတ်စ် လေယာဉ်ကုမ္ပဏီ၏ အေ ၃၂၀ ခရီးသည်တင်လေယာဉ်များသည် အမေရိကန်အခြေစိုက် ဘိုးအင်း ကုမ္ပဏီ၏ ဘိုးအင်း ၇၃၇ လေယာဉ်များကို ကျော်ဖြတ်၍ သမိုင်းတစ်လျှောက် တင်ပို့ရောင်းချရမှုအများဆုံး လေယာဉ်အမျိုးအစားဖြစ်လာကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဲဘတ်စ်ကုမ္ပဏီသည် လုပ်ငန်းစတင်လည်ပတ်ခဲ့သည့် ၁၉၈၄ ခုနှစ်နောက်ပိုင်းမှစတင်၍ ယနေ့ထိ အဲဘတ်စ် အေ ၃၂၀ လေယာဉ် ၁၂၆၀ စင်းထိ ဝယ်ယူသူများ လက်ဝယ်သို့ လွှဲပြောင်းအပ်နှံနိုင်ခဲ့ကြောင်း ဗြိတိန်အခြေစိုက် စီရီရမ် စီးပွားရေးအတိုင်ပင်ခံ ကုမ္ပဏီ၏ အဆိုအရ သိရသည်။

ဘိုးအင်းကုမ္ပဏီ၏ ဘိုအင်း ၇၃၇ လေယာဉ်များကို မှာယူမှုများကျဆင်းလာချိန်တွင် အဲဘတ်စ်ကုမ္ပဏီ၏ အေ ၃၂၀ လေယာဉ်များသည် ကမ္ဘာပေါ်၌ တင်ပို့ရောင်းချရမှု အများဆုံး လေယာဉ်များဖြစ်လာခဲ့သည်။

အဲဘတ်စ်ကုမ္ပဏီသည် နှစ်စဉ်ဝယ်သူများထံသို့ လေယာဉ်သစ်လွှဲပြောင်းအပ်နှံမှုနှုန်းအရ လက်ရှိအချိန်တွင် ကမ္ဘာ့အကြီးမားဆုံး လေယာဉ်တည်ဆောက်ထုတ်လုပ်မှု ကုမ္ပဏီအဖြစ် ရပ်တည်နေပြီဖြစ်သည်။

ဘိုးအင်းကုမ္ပဏီသည် နာမည်ကြီး ဘိုးအင်း ၇၃၇ လေယာဉ်များကို ၁၉၆၀ ပြည့်နှစ်ကပင် စတင်ထုတ်လုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ဖြစ်ပွားခဲ့သည့် လေယာဉ်မတော်တဆမှုများကြောင့် ဘိုးအင်း ၇၃၇ လေယာဉ်များကို မှာယူမှုများ ကျဆင်းခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကမ္ဘာတစ်ဝန်း အီး-စီးကရက်သောက်သုံးသူ ဆယ်ကျော်သက် အနည်းဆုံး ၁၂ သန်းထိရှိ

**ဂျီနီဗာ အောက်တိုဘာ ၇**

တစ်ကမ္ဘာလုံးအတိုင်းအတာအရအီး-စီးကရက်သုံးစွဲနေကြသည့် အသက် ၁၃ နှစ်နှင့် ၁၅ နှစ်ကြား ဆယ်ကျော်သက်အရေအတွက်မှာ အနည်းဆုံး ၁၅ သန်းထိ ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က အောက်တိုဘာ ၆ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ခန့်မှန်းထားသည်။

ထို့ပြင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဆယ်ကျော်သက်လူငယ်များသည် အရွယ်ရောက်သူများထက် အီး-စီးကရက် အသုံးပြုနိုင်ခြေ ပုံမှန်ထက် ကိုးဆထိ မြင့်မားနေတက်ကြောင်း WHO ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

WHO ၏ ပြောကြားချက်အရ တစ်ကမ္ဘာလုံး အတိုင်းအတာအရ အီး-စီးကရက်သုံးစွဲသူ သန်း ၁၀၀ ကျော်ထိရှိရာ အနည်းဆုံး ၈၅ သန်းမှာ အရွယ်ရောက်သူများဖြစ်ကြကြောင်း သိရသည်။

ထို့ပြင် အီး-စီးကရက် သုံးစွဲသူအများစုမှာ ပြည်သူတစ်ဦးချင်း ဝင်ငွေမြင့်မားသည့် နိုင်ငံများမှ နိုင်ငံသားများဖြစ်ကြကြောင်း WHO အစီရင်ခံစာ၌ ဖော်ပြထားသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှု ကျဆင်းလာချိန်တွင် အီး-စီးကရက် သုံးစွဲသူအရေအတွက်နှင့်ပတ်သက်၍ WHO အစီရင်ခံစာ ပေါ်ထွက်လာခြင်းဖြစ်သည်။

WHO ၏အဆိုအရ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဆေးလိပ် နှင့် ဆေးရွက်ကြီး သုံးစွဲသူအရေအတွက်မှာ ၂၀၀၀ ပြည့်နှစ်တွင် ၁ ဒသမ ၃၈ ဘီလီယံထိ ရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင် ၁ ဒသမ ၂ ဘီလီယံသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီက နယူးကော်ရှားဒေသ၌ တည်ဆောက်ထားသော အာကာသဆက်သွယ်ရေးရေဒီယိုအင်တင်နာကို စတင်လုပ်ငန်းလည်ပတ်နေပြီဖြစ်



ပဲရစ် အောက်တိုဘာ ၇

ဩစတြေးလျနိုင်ငံ နယူးကော်ရှားဒေသ၌ တည်ဆောက်ထားသော အာကာသဆက်သွယ်ရေး ရေဒီယိုအင်တင်နာကို ဥရောပ အာကာသအေဂျင်စီက စတင် လုပ်ငန်းလည်ပတ်နေပြီ ဖြစ်ကြောင်း အောက်တိုဘာ ၆ ရက် သတင်းများအရ သိရသည်။

အမြင့် မီတာ ၄၀ ရှိ အဆိုပါ အာကာသဆက်သွယ်ရေးအင်တင်နာသည် နယူးကော်ရှားဒေသ၌ တည်ဆောက်ထားသည့် ဥရောပ အာကာသအေဂျင်စီ၏ ဒုတိယမြောက် အာကာသဆက်သွယ်ရေး ရေဒီယိုအင်တင်နာဖြစ်သည်။

အဆိုပါအာကာသဆက်သွယ်ရေးရေဒီယိုအင်တင်နာစနစ်သည် ကြာသပတေးဂြိုဟ်ကဲ့သို့ ဝေးကွာသည့်နေရာများရှိ အာကာသယာဉ်များနှင့် အဆက်အသွယ်ပြုလုပ်နိုင်ကြောင်း ဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

NNO-3 ဟူ၍အမည်ပေးထားသော အဆိုပါရေဒီယိုအင်တင်နာသည် ဥရောပအာကာသအေဂျင်စီ၏ စတုတ္ထမြောက် အာကာသဆက်သွယ်ရေး အင်တင်နာစနစ်ဖြစ်ကြောင်း၊ ဥရောပအာကာသအေဂျင်စီသည် နေအဖွဲ့အစည်းကို စူးစမ်းလေ့လာနေသောအာကာသယာဉ်များမှ သတင်းအချက်အလက်များ ရယူနိုင်မှုနှုန်းကို မြှင့်တင်ရေးအတွက် NNO-3 ရေဒီယိုအင်တင်နာစနစ်ကို တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## HPV ဗိုင်းရပ်နှင့်ဆက်စပ်နေသော လည်ပင်းကင်ဆာနှင့် ဦးခေါင်းကင်ဆာရောဂါတို့ကို သွေးစစ်နည်းတစ်မျိုးဖြင့် ကြိုတင်ဖော်ထုတ်နိုင်

နယူးယောက် အောက်တိုဘာ ၇

Human Papoillomavirus (HPV) ဗိုင်းရပ်နှင့် ဆက်စပ်နေသော လည်ပင်းကင်ဆာရောဂါနှင့် ဦးခေါင်းကင်ဆာရောဂါတို့ကို သွေးစစ်နည်းတစ်မျိုးဖြင့် ရောဂါလက္ခဏာမပေါ်မီ ကြိုတင်ဖော်ထုတ်နိုင်ကြောင်း အောက်တိုဘာ ၆ ရက် သတင်းများအရ သိရသည်။

မိမိတို့ဖန်တီးထားသော HPV-Deepseek အမည်ရှိ သွေးစစ်နည်းသည် HPV ဗိုင်းရပ်နှင့်ဆက်စပ်နေသည့် လည်ပင်းကင်ဆာနှင့် ဦးခေါင်းကင်ဆာတို့ကို ရောဂါလက္ခဏာမပေါ်မီ ၁၀ နှစ်အလိုကပင် ဖော်ထုတ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ ဖြစ်ပွားသည့် ဦးခေါင်းကင်ဆာနှင့် လည်ပင်းကင်ဆာရောဂါ ဖြစ်စဉ် ၇၀ ရာခိုင်နှုန်းမှာ HPV ဗိုင်းရပ်နှင့် ဆက်စပ်နေသည့် ကင်ဆာရောဂါများဖြစ်ကြသည်။

HPV ဗိုင်းရပ်နှင့်ဆက်စပ်နေသော ဦးခေါင်းကင်ဆာနှင့်လည်ပင်းကင်ဆာရောဂါတို့ကို ကြိုတင်ဖော်ထုတ်ပေးနိုင်သည့် ရောဂါစစ်ဆေးနည်းမျိုး လက်ရှိတွင်မရှိသေးပေ။

သို့ဖြစ်ရာ HPV-Deepseek သွေးစစ်နည်းသည် HPVနှင့်ဆက်စပ်နေသော လည်ပင်းကင်ဆာနှင့် ဦးခေါင်းကင်ဆာများကို ဖော်ထုတ်ပေးနိုင်မည့် သွေးစစ်နည်းဖြစ်လာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## စတားလင့်ခ်ဂြိုဟ်တုများ တစ်ရက်လျှင် တစ်စင်းမှ နှစ်စင်းထိ ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်ဝင်နေ

ဝါရှင်တန် အောက်တိုဘာ ၇

စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွင်းရှိ စတားလင့်ခ်ဂြိုဟ်တုများသည် တစ်ရက်လျှင် တစ်စင်းမှ နှစ်စင်းထိ ကမ္ဘာ့လေထုလွှာ အတွင်းသို့ ပြန်ဝင်နေကြကြောင်း အောက်တိုဘာ ၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အစင်း ၈၅၀၀ ကျော်ထိ လွှတ်တင်ထားပြီးဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ကွန်ရက်အတွက် ကနဦးအဆင့်အဖြစ် ဂြိုဟ်တုအစင်း ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားရာ စတားလင့်ခ်ဂြိုဟ်တုအရေအတွက်လည်း ထပ်တိုးလာဦးမည်ဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်တွင် စတားလင့်ခ် ဂြိုဟ်တုကွန်ရက်၏ ဂြိုဟ်တု တစ်စင်းမှ နှစ်စင်းထိ နေ့စဉ် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်နေကြောင်း ဟားဗတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။



ထို့ပြင် စတားလင့်ခ်ဂြိုဟ်တုများကဲ့သို့ ကမ္ဘာ့ပတ်လမ်းအနိမ့်ပိုင်းတွင် နေရာယူထားသည့်ဂြိုဟ်တုများ၏ သက်တမ်းမှာ ငါးနှစ်မှ ခုနစ်နှစ်ထိသာ ရှိကြောင်း သိရသည်။

စပေ့စ်အိတ် ကုမ္ပဏီကဲ့သို့ပင် အခြားကုမ္ပဏီများနှင့် နိုင်ငံများကလည်း ကမ္ဘာ့ပတ်လမ်းအနိမ့်ပိုင်း၌ ဂြိုဟ်တုစင်းရေ ရာပေါင်းများစွာပါဝင်မည့် ဂြိုဟ်တုကွန်ရက်များ တည်ဆောက်လျက်ရှိရာ နောင်အခါတွင် ကမ္ဘာ့လေထုလွှာအတွင်း နေ့စဉ် ပြန်လည်ဝင်ရောက်မည့် ဂြိုဟ်တုအရေအတွက်မှာ ငါးစင်းထိရှိလာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## အလွန်အကျွံပြုပြင်ထားသည့် အစားအစာ အများဆုံးစားသုံးသူများ၌ ရောင်ရမ်းမှုနှင့်ဆက်စပ်သော ပရိုတင်းတစ်မျိုးပေါ်ထွက်မှုအဆင့် မြင့်တက်

နယူးယောက် အောက်တိုဘာ ၇

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို အများဆုံး စားသုံးသူများ၌ ရောင်ရမ်းမှုနှင့်ဆက်စပ်နေသော ပရိုတင်းတစ်မျိုးပေါ်ထွက်မှုအဆင့် မြင့်တက်လာတတ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ အောက်တိုဘာ ၆ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါ အတ္တလန္တစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ(UPFS) များကို အများဆုံးစားသုံးသူများ၌ hs-CRPခေါ် ပရိုတင်းတစ်မျိုးမြင့်တက်လာတတ်ကြောင်း သိရသည်။

hs-CRP ပရိုတင်းများသည် ရောင်ရမ်းမှု၏ ဇီဝလက္ခဏာဖြစ်သကဲ့သို့ နှလုံးရောဂါ၊ လေဖြတ်မှုနှင့် ပုံစံ-၂ ဆီးချိုရောဂါတို့၏ ရှေ့ပြေးလက္ခဏာတစ်မျိုးလည်း ဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် UPFS အစားအစာများ၏ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်နိုင်ခြေကို ထင်ထင်ရှားရှား ပြသနေကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

hs-CRP ပရိုတင်းများသည် သွေးကြောများ ရောင်ရမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် အသည်းအင်္ဂါကထုတ်ပေးသော ပရိုတင်းများဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## သိပ္ပံပညာရှင်များက နှစ်ပေါင်း ၄၀၀၀၀ ကြာ မြုပ်သက်နေသော ရှေးခေတ်ဗက်တီးရီးယားများကို ပြန်လည်အသက်သွင်းထား

ဝါရှင်တန် အောက်တိုဘာ ၇

အမေရိကန်နိုင်ငံ ကော်လိုရာဒိုဘိုလ်ဒါတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် နှစ်ပေါင်း ၄၀၀၀၀ ကြာ မြုပ်သက်နေသော ရှေးခေတ်ဗက်တီးရီးယားများကို ပြန်လည် အသက်သွင်းထားကြောင်း အောက်တိုဘာ ၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အလက်စကာပြည်နယ်အေးခဲမြေလွှာများအတွင်း နှစ်ပေါင်း ၄၀၀၀၀ ကြာ ခိုအောင်းမြုပ်သက်နေသော ဗက်တီးရီးယားများကို ပြန်လည် အသက်သွင်းထားခြင်း ဖြစ်ကြောင်း သိရသည်။

အေးခဲမြေလွှာများကို အရည်ပျော်ပြီးချိန်တွင် ၄င်းမြေလွှာများအတွင်းခိုအောင်းနေသည့်ဗက်တီးရီးယားများမှာ စတင်အသက်ဝင်လာခြင်းမရှိသေးဘဲ နှောင်လအနည်းငယ်အကြာမှသာ အသက်စဝင်လာသည်ကို တွေ့ရကြောင်း၊ အလက်စကာ အေးခဲမြေလွှာများထဲမှ ပြန်လည်နိုးထလာသော ဗက်တီးရီးယားများ၏ အသိုက်အအုံကြီးမားမှုနှုန်းမှာ နှေးကွေးကြောင်း၊ စိတ်ဝင်စားဖွယ် ကောင်းသည့် အချက်မှာပြန်လည်နိုးထလာသည့် အေးခဲမြေလွှာဗက်တီးရီးယားများသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO




# ဖရန့်ဖတ်အသင်းက နယူးကာဆယ်အသင်း တိုက်စစ်မှူး အိုဆူလာကို ခေါ်ယူရန်သဘောတူညီမှုရရှိ

**ဘာလင် အောက်တိုဘာ ၇**

ဖရန့်ဖတ်အသင်းသည် နယူးကာဆယ်အသင်း တိုက်စစ်မှူး အိုဆူလာကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် ပြန်လည်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ အိုဆူလာကို ခေါ်ယူရန် ဖရန့်ဖတ်အသင်းက ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ ကာလကတည်းက ကနဦး ပြောင်းရွှေ့ကြေး ယူရို ငါးသန်းပေး၍ စာချုပ်ကုန်ဆုံးပါက ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် အပြီးသတ် ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ အပြောင်းအရွှေ့နောက်ဆုံးအချိန်တွင် နယူးကာဆယ်အသင်းက ပယ်ချခဲ့သောကြောင့် ခေါ်ယူနိုင်ခြင်းမရှိကြောင်း သိရသည်။

သို့သော် ဖရန့်ဖတ်အသင်းက အိုဆူလာကိုခေါ်ယူရန် ထပ်မံကြိုးပမ်းခဲ့ရာ လာမည့် အပြောင်းအရွှေ့ကာလတွင်ခေါ်ယူရန် ကစားသမားနှင့် အကြိုသဘောတူညီမှု ရရှိခဲ့သည်။

နယူးကာဆယ် အသင်းသည် တိုက်စစ်မှူး အိုဆူလာကို ၂၀၂၄ ခုနှစ်တွင် ရက်ဖီးယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံကိုးပွဲ ပါဝင်ခွင့်ရခဲ့ပြီး ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်မှသာ အသင်းအတွက် ပထမဆုံး ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML



## အားကစားသတင်းအတိုအထွာများ

- ဆော်ဒီပရိုလိဂ်ကလပ် အယ်နာဆာအသင်း၊ အယ်ကွာစီယာအသင်း၊ အယ်အာလီအသင်းတို့က ၂၀၂၆ခုနှစ်တွင် မန်စီးတီးအသင်းမှထွက်ခွာမည့် ဘာနာဒိုဆေးဗားကိုခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ဘာနာဒိုဆေးဗားက ဘာစီလိုနာနှင့် ဂျူဗင်တပ်အသင်းတို့ကိုသာ ပြောင်းရွှေ့လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘာစီလိုနာအသင်း အားကစားဒါရိုက်တာ ဒေကိုက လာမည့် ၂၀၂၆ ခုနှစ် နွေရာသီတွင် နည်းပြဖလစ်၏ လူစာရင်း၌ ကစားသမားသုံးဦး ဖြည့်တင်းပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း အေတီကိုအသင်း၏ တိုက်စစ်မှူး အယ်ဗာရက်ဇ် တစ်ဦးကိုသာ ထုတ်ဖော်ပြောကြားခဲ့သည်။
- ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမား စာရင်းတွင် ချဲလ်ဆီးအသင်းကစားသမား ကာစီဒိုက ထိပ်ဆုံးတွင်ရပ်တည်နေပြီး ၎င်း၏နောက်တွင် ဂျာအိုနီဗက်စ်၊ ဂရာဗန်ဘာ့ချ်တို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြောင်း သိရသည်။ ML

# ဒီယွန်တေဝီဒါက အန်တိုနီဂျိုရှုအာနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် တရားဝင်စိန်ခေါ်မှုပြုလုပ်



**နယူးယောက် အောက်တိုဘာ ၇**

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်း ဒီယွန်တေဝီဒါသည် ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်း ချန်ပီယံဟောင်း အန်တိုနီဂျိုရှုအာနှင့် ထိုးသတ်လိုသည့်အတွက် တရားဝင်စိန်ခေါ်မှု ပြုလုပ်လိုက်ကြောင်း ဒီယွန်တေ၏ မန်နေဂျာဖြစ်သူက ပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် လက်ဝှေ့သမား ဒီယွန်တေဝီဒါ ကမ္ဘာ့ချန်ပီယံ ခါးပတ်ကို ပိုင်ဆိုင်ထားစဉ်က ပြိုင်ဘက်ကင်း ချန်ပီယံအဖြစ် ရပ်တည်နေသူ ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှုအာနှင့် ပွဲတည်ပေးရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများရှိခဲ့သလို ကမ္ဘာတစ်ဝန်းရှိ ပရိသတ်များကလည်း ၎င်းတို့ကြား စိန်ခေါ်ပွဲကို မြင်တွေ့လိုကြောင်း တောင်းဆိုမှုများရှိခဲ့သည်။

အဆိုပါကာလတွင် ကမ္ဘာ့ဟဲဗီးဝိတ်တန်း၏ အကောင်းဆုံး လက်ဝှေ့သမားသုံးဦးမှာ ဗြိတိန်လက်ဝှေ့သမားများ ဖြစ်ကြသည့် အန်တိုနီဂျိုရှုအာ၊ တိုင်ဆန်ဖျူရီ၊ ဒီယွန်တေဝီဒါတို့ဖြစ်ကြသည်။

ဒီယွန်တေဝီဒါနှင့် တိုင်ဆန်ဖျူရီတို့ကြား စိန်ခေါ်ထိုးသတ်မှု သုံးကြိမ်ရှိခဲ့ပြီး တစ်ကြိမ် သရေကျကာ တိုင်ဆန်ဖျူရီက နှစ်ကြိမ်အနိုင် ရခဲ့သည်။ ဒီယွန်တေဝီဒါနှင့် အန်တိုနီဂျိုရှုအာပွဲစဉ်၊ တိုင်ဆန်ဖျူရီနှင့် အန်တိုနီဂျိုရှုအာတို့ပွဲစဉ် စိန်ခေါ်ထိုးသတ်မှုကို လက်ဝှေ့အသိုင်းအဝိုင်းက မျှော်လင့်နေကြသော်လည်း တိုင်ဆန်ဖျူရီက အနားယူသွားပြီ ဖြစ်သည့်အတွက် ဒီယွန်တေဝီဒါနှင့် အန်တိုနီဂျိုရှုအာတို့၏ ပွဲစဉ်ကိုသာ မျှော်လင့်နိုင်တော့မည့် အခြေအနေဖြစ်သည်။

ဒီယွန်တေဝီဒါ၏ မန်နေဂျာဖြစ်သူ ရှယ်လီက "စိန်ခေါ်ပွဲ တစ်ပွဲထိုးသတ်တော့မယ်ဆိုရင် ဒီယွန်တေရဲ့ ဦးစားပေးရွေးချယ်ချင်ခဲ့တဲ့ ပြိုင်ဘက်က အန်တိုနီပဲဖြစ်ပါတယ်။ ဒါကြောင့် အခုတရားဝင် စိန်ခေါ်မှု ပြုလုပ်ထားပါတယ်။ အန်တိုနီဘက်က အရင်လိုပဲငြင်းနေမယ်ဆိုရင်တော့ အခွင့်အရေးရရင် ပြိုင်ဘက်ကင်းချန်ပီယံ အူဆက်ခ်နဲ့ ထိုးသတ်သွားချင်တယ်။ အန်တိုနီရဲ့တုံ့ပြန်မှုကို စောင့်ဆိုင်းနေပါတယ်။ လက်ခံမယ်ဆိုရင်တော့ ပွဲကို အမြန်ဆုံးစီစဉ်သွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Box Nation
Trs : AZL

# ဒဏ်ရာရရှိနေသည့် ကစားသမားသုံးဦး ဂျီရိုနာနှင့်ပွဲတွင်ပြန်လည်ပါဝင်မည်ဟု နည်းပြဖလစ် ပြောကြား

**ဘာစီလိုနာ အောက်တိုဘာ ၇**

ဘာစီလိုနာအသင်းမှ ဒဏ်ရာကြောင့် အနားယူနေရသည့်ကစားသမားသုံးဦးသည် နိုင်ငံတကာပြိုင်ပွဲကာလအပြီး ဂျီရိုနာအသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်း အနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး တစ်ဂိုး၊ ဆီဗီလာအသင်းနှင့်ပွဲစဉ်တွင် လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် အဓိကကစားသမားများဖြစ်သည့် တိုက်စစ်မှူး ယာမယ်၊ တောင်ပံကစားသမား ဖာမင်လိုပက်ဇ်၊ ရာဖင်ဟာတို့ကို ဒဏ်ရာကြောင့်လက်လွှတ်ခဲ့ရသည်။

သို့သော် နည်းပြဖလစ်က ကစားသမားများ၏ ဒဏ်ရာအခြေအနေမှာ ပြင်းထန်မှုမရှိဘဲ နိုင်ငံတကာပြိုင်ပွဲကာလအတွင်း အနားရမည်ဖြစ်သောကြောင့် လာမည့် ဂျီရိုနာအသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဘာစီလိုနာ အသင်းသည် ယာမယ်၊ ဖာမင်လိုပက်၊ ရာဖင်ဟာတို့ ပါဝင်ချိန်တွင် ရလဒ်ပိုင်းဆက်တိုက်ကောင်းခဲ့ပြီး အဆိုပါကစားသမားများ မပါဝင်နိုင်သည့် ဆီဗီလာအသင်းနှင့် ပွဲစဉ်တွင် လေးဂိုးထိပေးခဲ့ရကာ တိုက်စစ်ပိုင်းက သွင်းဂိုး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။



နည်းပြဖလစ်က ပြီးခဲ့သည့် ဘောလုံးရာသီက ဖလားသုံးလုံး ရယူနိုင်ခဲ့သည့်အတွက် ယခုရာသီတွင်လည်း အောင်မြင်မှုများရယူနိုင်ရန် စိမ်ကိန်းများ ချမှတ်ဆောင်ရွက်နေသော်လည်း ဒဏ်ရာရကစားသမား မြင့်တက်လာမှုကြောင့် အခက်ကြုံနေရကြောင်း သိရသည်။

Ref : Barcablaugranes
Trs : ML

# ပဲလေ့စ်အသင်းမှ ဂူဟီကို လီဗာပူးအသင်းနှင့် ဥရောပအသင်းများက ခေါ်ယူရန်ပြင်ဆင်

**လန်ဒန် အောက်တိုဘာ ၇**

ခရစ္စတယ်ပဲလေ့စ် အသင်းမှ ဂူဟီကို လီဗာပူးအသင်းနှင့်အတူ ဥရောပထိပ်သုံးသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်အတွက် ပြင်ဆင်နေကြောင်း သိရသည်။



ဂူဟီသည် ပြီးခဲ့သည့် ဘောလုံးရာသီများတွင် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ထိပ်တန်းအသင်းကြီးများက အလိုရှိနေပြီး လီဗာပူးအသင်းက ပြီးခဲ့သည့် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ဖူးပြီး ပဲလေ့စ်အသင်းက ပယ်ချခဲ့သည့်အတွက် အပြောင်းအရွှေ့ မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက လီဗာပူးအသင်းက ဂူဟီကို ခေါ်ယူရေး သဘောတူညီမှုရရှိရန် နီးစပ်ခဲ့သော်လည်း အပြောင်းအရွှေ့ကာလနောက်ဆုံးရက်မှ လွဲချော်ခဲ့ရခြင်းဖြစ်သည်။

ဂူဟီနှင့် ပဲလေ့စ်အသင်းတို့ စာချုပ်သက်တမ်းမှာ ရာသီအကုန်တွင် ပြီးဆုံးမည်ဖြစ်ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရနိုင်သည့်အတွက် ပဲလေ့စ်အသင်းက ရောင်းချရန်ဆုံးဖြတ်ထားသဖြင့် လီဗာပူးအသင်းနှင့်အတူ ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနှင့် ရီးရဲလ်မက်ဒရစ် အသင်းတို့ကလည်း အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# လိဂ်ပွဲစဉ်များကို ပြည်ပနိုင်ငံများတွင် သွားရောက်ကစားရန် ယူအီးအက်ဖ်အေက ခွင့်ပြုထားသော်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ခွင့်ပြုချက်စောင့်ဆိုင်းရမည်



ဖူးရစ် အောက်တိုဘာ ၇

ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ဥရောပမှ သက်ဆိုင်ရာ လိဂ်ပွဲစဉ်များကို ပြည်ပနိုင်ငံများတွင် သွားရောက်ကစားရန်အတွက် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ဥရောပ ကလပ်အသင်းများသည် ဝင်ငွေရှာဖွေသည့်အနေဖြင့် သက်ဆိုင်ရာ ဖလားပွဲစဉ်များကို ပြည်ပတွင် သွားရောက်ကျင်းပနေသော်လည်း လိဂ်ပွဲစဉ်များမှာ ခွင့်ပြုချက် မရရှိသည့်အတွက် မကျင်းပနိုင်ခြင်းဖြစ်သည်။

လက်ရှိတွင် ဥရောပထိပ်တန်းကလပ်အသင်းများက သက်ဆိုင်ရာလိဂ်ပွဲစဉ်များကို ပြည်တွင်း၌ မဟုတ်ဘဲ ပြည်ပတွင် ထွက်ခွာကစားရန်အတွက် စတင်ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် ဥရောပထိပ်တန်းလိဂ်များက ယခုနှစ်ဘောလုံးရာသီ လိဂ်ပွဲစဉ်များမှ စပိန်လာလီဂါပွဲစဉ်ဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ ပွဲစဉ်၊ အီတလီစီးရီးအေပွဲစဉ် ဖြစ်သည့် အေစီမီလန်အသင်းနှင့် ကိုမိုအသင်းတို့ပွဲစဉ်ကို ပြည်ပတွင် ထွက်ခွာကစားရန်အတွက် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဘာစီလိုနာနှင့် ဗီလာရီးရဲလ်အသင်းတို့ပွဲစဉ်ကို အမေရိကန်နိုင်ငံ မီယာမီမြို့နှင့် အေစီမီလန်နှင့် ကိုမိုအသင်းတို့ပွဲစဉ်ကို သြစတြေးလျနိုင်ငံ ပါ့သ်မြို့တွင် ကျင်းပရန် ပြင်ဆင်ထားကြောင်း သိရသည်။

သို့သော် အဆိုပါလိဂ်ပွဲစဉ်များကို ပြည်ပတွင်ကစားရန် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ခွင့်ပြုထားသော်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ခွင့်ပြုချက်ကို ဆက်လက်စောင့်ဆိုင်းရမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# စပိန်လက်ရွေးစင်အသင်းကစားသမားဟောင်း ဂျော်ဒီအယ်လ်ဘာ ကစားသမားဘဝမှ အနားယူမည်

နယူးယောက် အောက်တိုဘာ ၇

စပိန် လက်ရွေးစင်အသင်းကစားသမားဟောင်း ဂျော်ဒီအယ်လ်ဘာသည် ယခုနှစ် မေဂျာလိဂ်ဘောလုံးရာသီ ပြီးဆုံးပါက ကစားသမားဘဝမှ အနားယူမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နောက်ခံကစားသမား ဂျော်ဒီအယ်လ်ဘာသည် မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်း၌ ယှဉ်ပြိုင်ကစားလျက်ရှိပြီး ယခုနှစ်ဘောလုံးရာသီ နောက်ဆုံးကစားခဲ့သည့် ပွဲစဉ် သုံးပွဲတွင် နှစ်ဂိုးသွင်းယူခဲ့ကာ ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်ထားနိုင်ခဲ့ကာ အကောင်းဆုံးစွမ်းဆောင်ထားနိုင်ခဲ့သည်။

အသက် ၃၆ နှစ်အရွယ်ရှိ စပိန်လက်ရွေးစင်အသင်းကစားသမားဟောင်း ဂျော်ဒီအယ်လ်ဘာသည် ၎င်း၏ အသက်အရွယ်အရ ကစားသမားဘဝ ဆက်လက်ဖြစ်သန်းနိုင်သော်လည်း ယခုနှစ်ဘောလုံးရာသီကုန်ဆုံးပါက အနားယူမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းသည် ကစားသမားဘဝ တစ်လျှောက် စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းတွင် ဘောလုံးရာသီ သုံးရာသီကြာ၊ ဘာစီလိုနာအသင်းတွင် ဘောလုံးရာသီ ၁၁ ရာသီကြာ အဓိက နောက်ခံကစားသမားအဖြစ် ယှဉ်ပြိုင်ကစားခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အမေရိကန် မေဂျာလိဂ်ကလပ် အင်တာမီယာမီ အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

ထို့ပြင် ဂျော်ဒီအယ်လ်ဘာသည် အင်တာမီယာမီအသင်း၌ ဘာစီလိုနာအသင်း ကစားသမားဟောင်းများဖြစ်ကြသော မက်ဆီ၊ ဆွာရက်ဇ်၊ ဘက်ကွက်စ်တို့နှင့် တွဲဖက်ကစားလျက်ရှိပြီး ပြီးခဲ့သည့်အောက်တိုဘာလအတွင်းကလည်း ကွင်းလယ်ကစားသမား ဘက်ကွက်စ်က ယခုနှစ်ဘောလုံးရာသီကုန်ဆုံးလျှင် ကစားသမားဘဝမှ အနားယူမည်ဟု ပြောကြားထားကြောင်း သိရသည်။

Ref : Fotmob

Trs : Zay Hein



# Shanghai Masters တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ရင်ဒက်နက်ချ်တက်ရောက်



ပေကျင်း အောက်တိုဘာ ၇

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပနေသည့် Shanghai Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဗ်နှင့် ပြင်သစ် တင်းနစ်ကစားသမား ရင်ဒက်နက်ချ်တို့ ယှဉ်ပြိုင်ခဲ့ရာ ရင်ဒက်နက်ချ်က (၄-၆၊ ၆-၃၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဇီရက်ဗ်က "ယုံကြည်မှုတွေ ပျောက်ဆုံးနေပါတယ်။ ရိုက်ချက်တိုင်းမှာလဲ ယုံကြည်ချက်မဲ့နေတယ်။ ဒီနှစ်ကတော့ ကျွန်တော့်အတွက် ဆိုးရွားတဲ့နှစ်တစ်နှစ်ပါပဲ။ ဆိုးရွားတဲ့ တင်းနစ်ရာသီတစ်ခုကို ဖြတ်သန်းနေရတယ်"ဟု ပြောကြားခဲ့သည်။

ရင်ဒက်နက်ချ်က "နောက်ကနေ လိုက်ကစားခဲ့ရတဲ့ အခြေအနေဟာ အရမ်းကို ဖိအားများနေခဲ့ပါတယ်။ ရလဒ်ကို ပြောင်းပြန်ဖြစ်သွားအောင် ဘယ်လိုလုပ်နိုင်ခဲ့တာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် မသိတော့ဘူး။ ဇီရက်ဗ်က ကမ္ဘာ့အဆင့် ကစားသမားတစ်ဦးပါ။ တော်တော်လေးကို ခက်ခဲတဲ့ပွဲစဉ်ဖြစ်သလို ကျွန်တော့်အတွက်တော့ ရှိသမျှခွန်အားတွေ အသုံးပြုခဲ့ရတဲ့ ပွဲတစ်ပွဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ရင်ဒက်နက်ချ်သည် စတုတ္ထအဆင့်တွင် ချက် တင်းနစ်ကစားသမား လီဟက်ကာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

# 2025 Hanwha LifePlus International Crown

# ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းမှ နယ်လီကော့ဒါ နုတ်ထွက်

နယူးယောက် အောက်တိုဘာ ၇

တောင်ကိုရီးယား နိုင်ငံတွင် ကျင်းပမည့် 2025 Hanwha Life Plus International Crown ဂေါက်သီးရိုက် ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းတွင် ရွေးချယ်ခံထားရသည့် ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါသည်ကြံ့ခိုင်မှုမပြည့်သည့်အတွက် အသင်းမှနုတ်ထွက်ရန် ဆုံးဖြတ်လိုက်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် အသင်းသည် နယ်လီကော့ဒါကို အမာခံထား၍ အိန်ဂျယ်ယင်၊ လောရင်ကော့လင်းနှင့် လီလီယာဗူတို့ကို ရွေးချယ်ထားသည်။

လက်ရှိ အမျိုးသမီးဂေါက်သီးရိုက်လောက၏ အကောင်းဆုံး ကစားသမားစာရင်းတွင် ပါဝင်နေကြသူများဖြစ်ပြီး အင်အားအတောင့်ဆုံးအသင်းဖြစ် သတ်မှတ်ခံထားရသော်လည်း နယ်လီကော့ဒါအသင်းမှ နုတ်ထွက်သွားခဲ့သည့်အတွက်ကြောင့် အမေရိကန်အသင်းက နယ်လီကော့ဒါ၏နေရာတွင် ယီလီမီနိုကို အစားထိုးရွေးချယ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နယ်လီကော့ဒါက "ပွဲပန်းတဲ့ ဒဏ်ကြောင့် ကိုယ်ခန္ဓာက ပွန်းပဲ့သွားသလိုကို ခံစားနေရတယ်။ အရမ်းပင်ပန်းနေပြီး အနားယူသွားဖို့လိုအပ်နေတယ်။ နောက်ပြီး ဒဏ်ရာပြဿနာတွေနဲ့လဲ ရင်ဆိုင်နေရတော့ လိုအပ်တဲ့ ဆေးကုသမှုတွေခံယူသွားမယ်။ ကြံ့ခိုင်မှုမပြည့်ပဲ ပြိုင်ပွဲမဝင်ချင်တဲ့အတွက်ကြောင့်အသင်းရဲ့ လူစာရင်းကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ကျွန်မအနေနဲ့ ကြံ့ခိုင်မှုရာနှုန်းပြည့် ပြန်ရမှ ပြိုင်ပွဲပြန်ဝင်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Monthly

Trs : AZL



# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လာမည့်နှစ်တွင် နိုင်ငံတကာပွဲစဉ်များကို ပြောင်းလဲကျင်းပမည်

ဖူးရစ် အောက်တိုဘာ ၇

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်က လာမည့်နှစ်မှစတင်ပြီး နိုင်ငံတကာပွဲစဉ်များကို ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က နိုင်ငံတကာပွဲစဉ်များကို စက်တင်ဘာလ ပထမ ရက်သတ္တပတ်တွင်လည်းကောင်း၊ အောက်တိုဘာလ ဒုတိယ ရက်သတ္တပတ်တွင်လည်းကောင်း ကျင်းပနေပြီး လက်ရွေးစင်အသင်း တစ်သင်းအနေဖြင့် တစ်ပတ်လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

လက်ရှိကျင့်သုံးနေသည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ဘောလုံးပြက္ခဒိန်အရ နိုင်ငံတကာပွဲစဉ်ကာလများတွင် ကလပ်ပြိုင်ပွဲများကို နှစ်ကြိမ် ခေတ္တရပ်နားထားရခြင်းဖြစ်သည်။

ယခုအခါ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၆ ခုနှစ်မှ စတင်ပြီး ၂၀၃၀ ပြည့်နှစ်ထိ နိုင်ငံတကာပွဲစဉ်ကာလကို ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် နှစ်ကြိမ်ခွဲခြားကျင်းပတော့မည် မဟုတ်ဘဲ စနစ်သစ်အရ စက်တင်ဘာလ နောက်ဆုံး ရက်သတ္တပတ်နှင့် အောက်တိုဘာလ ပထမ ရက်သတ္တပတ်တို့၌ တစ်ကြိမ်တည်းသာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Daily Mail

Trs : STA

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

လူတိုင်းသည်လူမှုစီးပွားဘဝတွင် အကောင်းဆုံးသောအစားအစာများကိုစားချင်ကြသည်။ အကောင်းဆုံးသော အဝတ်အထည်များကို ဝတ်ဆင်လိုကြသည်။ အကောင်းဆုံး တိုက်တာအဆောက်အအုံတွင် နေထိုင်ချင်ကြသည်။ ဆိုလိုချင်သည်မှာ လူတိုင်းသည်ချမ်းချမ်းသာသာဖြင့် ဘဝခရီးကိုဖြတ်သန်းလိုကြသည်မှာတူညီသောဆန္ဒဖြစ်သည်။ ထို့အတူ မိမိနေထိုင်သောနိုင်ငံကိုလည်း အကောင်းဆုံး နိုင်ငံအဖြစ် မြင်တွေ့လိုကြသည်။ ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံတွင်ချမ်းသာခြင်းနှင့်ပြည့်စုံသည့် ဘဝမျိုးကို ပိုင်ဆိုင်လိုကြသည်။ မိမိတို့ဖြစ်ချင်သော ဆန္ဒများအကောင်အထည်ပေါ်လာစေရန် မိမိတို့ကိုယ်တိုင်ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ ကြိုးစားအားထုတ်ရန်မှာ အလုပ်ကိုလုပ်ကိုင်ချင်စိတ်ဖြင့် စိတ်ဝင်စားစွာကြိုးစားလုပ်ဆောင်ကြရန်ဖြစ်သည်။ အလုပ်လုပ်မှသာလူ့ဘဝခရီး၊ နိုင်ငံတစ်နိုင်ငံ၏ ဘဝခရီး သာယာဖြောင့်ဖြူးနေမည်ဖြစ်သည်။

တကယ်ဖြစ်ချင်တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်ဟူသောဆောင်ပုဒ်သည် အမှန်တကယ်ကြိုးစားလုပ်ကိုင်၍အောင်မြင်နေသူတို့၏ လက်သုံးစကားဖြစ်သည်။ အလုပ်လုပ်ကိုင်သည့်နေရာတွင် သာမန်လုပ်ရိုးလုပ်စဉ်လုပ်နေရုံမျှဖြင့် ကြီးပွားတိုးတက်လာမဟုတ်ချေ။ နည်းပညာတိုးတက်နေသည့်ခေတ်တွင် နည်းပညာကိုပိုင်နိုင်စွာ အသုံးပြုကြရမည်ဖြစ်သည်။ မိမိတို့လုပ်ကိုင်နေသည့် အလုပ်မှန်သမျှတွင် နည်းပညာသည် အဓိကဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက အတွေ့အကြုံတစ်ခုကို ဥပမာပြချင်သည်။ မြန်မာနိုင်ငံတွင် သီဟိုဠ်ပင်များ အများအပြားစိုက်ပျိုးသည့် အချိန်ကာလတစ်ခုရှိခဲ့သည်။ ထိုစဉ်က သီဟိုဠ်စေ့များ ဈေးကောင်းသည်။ အပင်မှခူးဆွတ်ပြီး ဝယ်ယူသူက ပြည်ပသို့တင်ပို့ရောင်းချသည်။

စိုက်ပျိုးသူများအနေဖြင့် ဝယ်လိုအားများသည့်အတွက်တိုးချဲ့စိုက်ပျိုးနေကြသလို ထိုအချိန်က ရရှိသည့်ဈေးမှာလည်း ဈေးကောင်းရရှိခဲ့သည်။ မိမိတို့တင်သွင်းရောင်းချနေသော သီဟိုဠ်စေ့ကို အဆိုပါပြည်ပနိုင်ငံက မိမိနိုင်ငံအတွင်းသို့ ပြန်လည်တင်သွင်းရောင်းချပေးသည်။ သည်အတိုင်းရောင်းချပေးခြင်းမျိုးမဟုတ်ပေ။ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသော သီဟိုဠ်စေ့အဖြစ် နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။ မိမိတို့ရောင်းစဉ်က ငွေကျပ်တစ်ထောင်ဆိုပါက မိမိတို့ထံပြန်ရောက်လာသည့်အခါ ငွေကျပ်နှစ်ထောင်တန် ဖြစ်သွားသည်။ ကွာခြားချက်က နည်းပညာဖြစ်သည်။ နည်းပညာကွာခြားမှုကြောင့် မိမိတို့က ကုန်ကြမ်းအဆင့်သာရောင်းနေချိန်တွင် သူတစ်ပါးက ကုန်ချောအဖြစ် ပြုပြင်မွမ်းမံကာရောင်းချသည်။ ထို့ကြောင့်မည်သည့်လုပ်ငန်းမဆို နည်းပညာသည် အရေးပါလှသည်ဟုဆိုလိုခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတော်ကိုဦးဆောင်နေသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် “နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Indrustries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဟူသောဦးတည်ချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံအတွင်းအများဆုံးလုပ်ကိုင်နေသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်မှသာ ပြည်သူတို့၏လူမှုစီးပွားဘဝတိုးတက်မည်။ ထို့အတူ နိုင်ငံတော်၏ စီးပွားရေးမှာလည်း တိုးတက်လာမည်။ ဖြစ်နိုင်သောအလုပ်မို့ဖြစ်အောင်ကြိုးစားလုပ်ကြရန်သာ လိုအပ်သည်။ အမှန်တကယ် ကြီးပွားတိုးတက်လိုသောစိတ်ဖြင့် လုပ်ကိုင်မည်ဆိုပါက အောင်မြင်မည်မှာ မြေကြီးလက်မလွဲဟု ဆိုချင်သည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒသုံးရပ် လုပ်ဆောင်ကြရန်အသိပေးထားသည်။ အဆိုပါ မူဝါဒများမှာ **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"နှင့် နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဟူ၍ဖြစ်သည်။ လူတိုင်းချမ်းသာချင်သည်၊ နိုင်ငံတိုင်းချမ်းသာချင်သည်။ ထိုသို့ဆိုပါလျှင် အလုပ်လုပ်ကြရန်သာဖြစ်သည်။ အလုပ်လုပ်မှ ကုန်ထုတ်စွမ်းအားမြင့်မားပြီး နိုင်ငံတော်ရွှေသီးမည်ဖြစ်သည်။ ရွှေသီးမည်ဟူသော စကားရပ်မှာ တင်စားပြောဆိုခြင်းဖြစ်သော်လည်း အမှန်တကယ်ပင် ရွှေသီးအောင်လုပ်ဆောင်ကြရမည်ဖြစ်သည်။

**❖ မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝသည့်နိုင်ငံဖြစ်ပေရာ အလုပ်လုပ်သလောက် အကျိုးခံစားခွင့်များရရှိနိုင်သည့် နိုင်ငံဖြစ်သည်။ နိုင်ငံ့စီးပွားမြင့်မားရေးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ သုံးရပ်ကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော် ရွှေသီးလာမည်ဖြစ်သည်။ တိုးတက် ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ကာ ပြည်ပသို့တင်ပို့နိုင်ရမည်။ ပြည်ပဈေးကွက်သို့အောင်မြင်စွာ ထိုးဖောက်နိုင်ရမည်ဖြစ်သည်။ ❖**

မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝသည့်နိုင်ငံဖြစ်ပေရာ အလုပ်လုပ်သလောက် အကျိုးခံစားခွင့်များရရှိနိုင်သည့် နိုင်ငံဖြစ်သည်။ နိုင်ငံ့စီးပွားမြင့်မားရေးတွင် ကုန်ထုတ်လုပ် မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍ သုံးရပ်ကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော် ရွှေသီးလာမည်ဖြစ်သည်။ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ကာ ပြည်ပသို့တင်ပို့နိုင်ရမည်။ ပြည်ပဈေးကွက်သို့ အောင်မြင်စွာထိုးဖောက်နိုင်ရမည်ဖြစ်သည်။ ထိုသို့ ထိုးဖောက်နိုင်ရန်မှာပစ္စည်း၏ အရည်အသွေး ကောင်းမွန်ရမည်ဖြစ်သည်။ သတ်မှတ်စံချိန်မီသည့် အရည်အသွေးနှင့် သုံးစွဲသူကြိုက်နှစ်သက်ပါက ဈေးကွက်ကအလိုလိုရှိလာမည်ဖြစ်သည်။

နိုင်ငံအတွင်းစိုက်ပျိုးလျက်ရှိကြသည့်သီးနှံများမှာ နိုင်ငံတော်ကသတ်မှတ်ပေးထားသည့် ပန်းတိုင်အထွက်နှုန်းရရှိသည်ထိ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းနှင့် သီးထပ်စွမ်းအားပြည့်မီမှုမရှိခြင်းမှာ မိမိလုပ်ငန်းအတွက်နစ်နာသကဲ့သို့ နိုင်ငံအတွက်လည်းနစ်နာသည်။ စိုက်ပျိုးရေးတွင် "မျိုး၊ မြေ၊ ရေ၊ နည်း" ဟူသော စိုက်ပျိုးနည်းစနစ်များကို ပြည့်ဝစွာအသုံးပြုနိုင်ရမည်ဖြစ်သည်။ လူတွင် အမျိုးအနွယ်သည် အရေးပါသကဲ့သို့ စိုက်ပျိုးရေးတွင်လည်း မျိုးကောင်းမျိုးသန့်သည် အရေးပါသည်။ မျိုးစေ့မမှန် ပင်မသန် သီးနှံငုံကင်း အသီးဖျင်း၏ ဆိုစကားအတိုင်းပင်။ မျိုးကောင်းမျိုးသန့်ကို သုံးနိုင်ခြင်းဖြင့် အထွက်နှုန်းကောင်းသလို ဈေးကွက်တွင်လည်း ရောင်းအားကောင်းနေပေလိမ့်မည်။ ထို့အတူ မြေသည်လည်း စိုက်ပျိုးရေးတွင်အဓိကဖြစ်သည်။ မြေကိုကောင်းအောင် ပြုပြင်စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်း ကောင်းလာပေမည်။ သီးနှံစိုက်ပျိုးမှုတွင် လိုအပ်သည့် မြေဩဇာနှင့်ပတ်သက်၍လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ သီးပင်စားပင်စိုက်ပျိုးရေးမှန်သမျှတွင် ရေကိုလည်း သူ့အချိန်အခါ အလျောက်အသုံးပြုရမည်ဖြစ်သည်။ ရေများလွန်းလျှင်လည်း အကျိုးမဖြစ်နိုင်ပေ။ ရေကို လုံလောက်စွာရရှိရေးအတွက် ကြိုတင်စီစဉ်ခြင်း ဆောင်ရွက်ရမည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဆည်မြောင်းတာတမံမှသည် မြစ်ရေတင်စီမံကိန်းများ မြောက်မြားစွာတည်ထားသည်မှာ စိုက်ပျိုးရေရရှိစေမှုလည်း ပါဝင်သည်။ မြန်မာနိုင်ငံက စိုက်ပျိုးရေးထွက်ကုန်များတွင် ပေါ်ဆန်းမွှေးဆန်ကို ပြည်ပက စိတ်ဝင်စားမှုရှိသည့်အတွက် ပိုမိုကောင်းမွန်အောင်ထုတ်လုပ်နိုင်ရမည်ဖြစ်သည်။

မြန်မာစကားတွင် ဆရာမပြ နည်းမကျဟု ဆိုသည့်အတိုင်း စိုက်ပျိုးရေးနှင့်ပတ်သက်လာလျှင် စိုက်ပျိုးရေးပညာရှင်များ၏ နည်းလမ်းပြသမှုကို ခံယူရမည်ဖြစ်သည်။ သို့တည်းမဟုတ် မိမိကိုယ်တိုင်က နည်းလမ်းကိုသိရှိနေအောင် ဖြည့်ဆည်းထားရမည်ဖြစ်သည်။ မျိုး မြေ ရေ နည်း ပြည့်စုံနေပြီဆိုလျှင် အောင်မြင်မှုပန်းတိုင်သို့ရောက်ရှိတော့မည်ဖြစ်သည်။ သို့သော်လိုအပ်နေသည်မှာ လုပ်ကိုင်ဆောင်ရွက်သူ၏ ဇွဲလုံ့လ၊ ဝီရိယနှင့်ကြိုးစားမှုက လိုပေသေးသည်။ ကိုယ်တိုင်အားထည့်ပြီး လုပ်ဆောင်မှသာ လုပ်ငန်းမှန်သမျှအောင်မြင်မည်ဖြစ်သည်။ မည်သည့်လုပ်ငန်းမဆို အားမထည့်ဘဲနှင့် အောင်မြင်မှုရရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အလုပ်လုပ်ချင်စိတ်ရှိနေရမည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်လာပါက စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်ငန်းများကိုအထူးပင် အားပေးလျက်ရှိသဖြင့် သက်ဆိုင်သူများအနေဖြင့် မိမိတို့လုပ်ငန်းကို ကြိုးစားလုပ်ကိုင်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၂၄ ရက်မှ ၂၉ ရက်ထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံသို့အလုပ်သဘောခရီးသွားရောက်ခဲ့ပြီး အထူးလေယာဉ်ဖြင့် "ကျွန်တော်တို့က ကျွန်တော်တို့ဆီမှာရှိတဲ့ ရေ မြေ တောတောင် တွေကို အသုံးချပြီးတော့မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို သွားဖို့လိုတယ်။ အဲဒါတော့ ခိုင်မာတဲ့လုပ်ငန်းပဲ။ ခုနက သယံဇာတထုတ်ရောင်းတယ်ဆိုတာ ခိုင်မာတဲ့လုပ်ငန်းတော့မဟုတ်ဘူး။ ခိုင်မာတဲ့လုပ်ငန်းဆိုတာ အလုပ်လုပ်ဖို့လိုတယ်။ ကျွန်တော် ကာဇက်စတန်သွားတဲ့အချိန်မှာ သတိပြုမိတာရှိတယ်။ ကျွန်တော်တို့က GDP မှာ သုံးခု ဖော်ပြပါတယ်။ ဘာလဲဆိုတော့ စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး ပေါ့။ သူတို့က စိုက်ပျိုးရေးကဏ္ဍ တော်တော်နည်းတာတွေ့တယ်။ စက်မှုကဏ္ဍနဲ့ဝန်ဆောင်မှုကဏ္ဍကတော့ တော်တော်လေးများတာ တွေ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍက ၂၀ ရာခိုင်နှုန်းလောက် ရှိတာပေါ့။ သူတို့လည်း သတိပြုမိမယ်ထင်ပါတယ်။ အခုသူတို့လည်း စိုက်ပျိုးရေးတွေ၊ ကုန်ထုတ်လုပ်မှုတွေ တော်တော်လေး အားပေးနေတာတွေ့ပါတယ်။ သူတို့နိုင်ငံမှာ လာရောက်အလုပ်လုပ်ကိုင်မယ်ဆိုရင် ချက်ချင်းကိုတို တောင်းတဲ့ကာလအတွင်းမှာ ခွင့်ပြုပေးတယ်လို့ ပြောတယ်။ ကျွန်တော်တို့ဆီမှာလည်း ကုန်ထုတ်လုပ်မှုနဲ့ပတ်သက်ရင် လူတိုင်းကစိတ်ဝင်စားဖို့လိုတယ်။ အရောင်းအဝယ်ထက်ကုန်ထုတ်လုပ်မှုကိုအရင်စလုပ်ပြီးတော့ ကုန်ထုတ်လုပ်မှုကတစ်ဆင့် တိုင်းပြည်ဝင်ငွေကို ရအောင်ရှာရမှာဖြစ်ပါတယ်"ဟူ၍ အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားရာတွင် စသည်ဖြင့်ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံပတ်ဝန်းကျင်တွင် လူဦးရေများပြားသောနိုင်ငံများရှိနေသည့်အတွက် နေ့စဉ် စားရေရိက္ခာလိုအပ်မှုရှိနေမည်ဖြစ်သည်။ အဆိုပါဈေးကွက်ကို ပြည်တွင်းထုတ်ကုန်များဖြင့် ဝင်ရောက်နိုင်ရမည်ဖြစ်သည်။ ယနေ့ နိုင်ငံတကာတွင် စီးပွားရေးပုံစံများလျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့်စိုက်ပျိုးရေးထွက်ကုန်များကိုကုန်ကြမ်းထုတ်လုပ်သည့်အဆင့်မှ တန်ဖိုးမြှင့်ကုန်ပစ္စည်းထုတ်လုပ်သည့်အဆင့်သို့ တက်လှမ်းနိုင်ရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ ကျောရိုးမဏ္ဍိုင်ဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆောင်ပုဒ်ကို ချမှတ်ထားခြင်းဖြစ်သည်။

ကုန်ထုတ်လုပ်မှုဟုဆိုရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကိုသာကွက်၍ဆိုလိုခြင်းမဟုတ်ပါ။ နိုင်ငံတွင်းရှိ စက်မှုဇုန်များမှထုတ်လုပ်သော ပစ္စည်းများလည်းပါဝင်သည်။ မြန်မာနိုင်ငံတွင် စက်မှုဇုန် ၂၈ ခု၊ စက်မှုရပ်ကွက် ငါးခုနှင့်တည်ထောင်ဆဲစက်မှုဇုန်စီမံကိန်း နှစ်ခုရှိသည့်အတွက် စက်မှုဇုန်များကို အဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးတွင် အရည်အချင်းရှိသောလူသားအရင်းအမြစ်ကောင်းများလည်း လိုအပ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသက်မွေးဝမ်းကျောင်းပညာရေးစနစ်များတိုးမြှင့်ပေးခြင်း၊ လုပ်ငန်းခွင်စွမ်းရည်မြှင့်သင်တန်းများ ဖန်တီးပေးခြင်း၊ အလုပ်သမားများ၏လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သင့်လျော်သည့် လုပ်ခလစာကိုအာမခံပေးခြင်းဖြင့် ၎င်းတို့၏စိတ်ဓာတ်နှင့်ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးခြင်းများဆောင်ရွက်ရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟူသော နိုင်ငံတော်အစိုးရ၏မူဝါဒကို သက်ဆိုင်သူအားလုံးက နိုင်ငံချစ်စိတ်ဖြင့်အောင်မြင်စွာ လိုက်ပါဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

# သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်ကြီးတွင် တိမ်ကကြိုး ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်



**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်ကြီးတွင် Ye Yint Thit Sar Production က ရိုက်ကူးထုတ်လုပ်မည့် တိမ်ကကြိုး ဇာတ်လမ်းတွဲကန်တော့ပွဲပေး အခမ်းအနားကို အောက်တိုဘာ ၆ ရက်က ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် စိုင်းစည်တွမ်ခမ်းထံမှ သိရသည်။

တိမ်ကကြိုး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အင်ကြင်းဟန်က ရေးသားထားပြီး ဒါရိုက်တာ ရဲရင့်သစ္စာက တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်တော်ကို ဒီဇာတ်ကားမှာ အိမ်ထောင်သည် တစ်ယောက်အနေနဲ့မြင်တွေ့ရမှာပါ။ အခုနောက်ပိုင်း ပရိသတ်တွေကလဲ အိမ်ထောင်ရေး ဇာတ်လေးကို ပိုသဘောကျလာတာ တွေ့ရတယ်ဆိုတော့လေ။ မေမီနဲ့အတူ ဆုံရမှာဆိုတော့ ပရိသတ်တွေလဲ အမြင်ဆန်းမယ်လို့ မျှော်လင့်ပါတယ်"ဟု သရုပ်ဆောင် စိုင်းစည်တွမ်ခမ်းက ပြောပြသည်။

တိမ်ကကြိုး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် စိုင်းစည်တွမ်ခမ်း၊ ဒေါင်းဝေ၊ ဒေဒင်၊ ရဲရင့်ဆူး၊ မေမီကိုကို၊ ကြည်ဇေယျရှင်၊ ယွန်းသဒ္ဒါဟန်အေဒီဦး စသည့်အနုပညာရှင်များစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# ထခြောက်ဇာတ်လမ်းတွဲကို ShowLike Application မှ အောက်တိုဘာ ၁၀ ရက်တွင် စတင်ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၇**

ShowLike Application ၏ မူပိုင်ဇာတ်လမ်းတွဲ ဖြစ်သည့် ထခြောက် ဇာတ်လမ်းတွဲကို အောက်တိုဘာ ၁၀ ရက်မှ စတင်ကာ ShowLike Application မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ ကျော်ကျော်ဗိုထံမှ သိရသည်။

အဆိုပါ ထခြောက် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ညိုမင်းလွင်က ရေးသားထားပြီး ညိုမင်းလွင်ကပင် ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော်ရိုက်ကူးထားကာ အပိုင်း ၁၂ ပိုင်း ပါဝင်ကြောင်းလည်း သိရသည်။

"ကျွန်တော်နဲ့ကိုညိုက မဆုံဖြစ်တာ ဆယ်နှစ်ဝန်းကျင်ရှိနေပြီ




ဖြစ်တယ်။ ဒီဇာတ်ကား ရိုက်ကူးရင်းနဲ့ပြန်ဆုံခဲ့ကြတာပါ။ နောက် ဒီဇာတ်ကားက ကျွန်တော်နဲ့ ပထမဆုံးလက်တွဲပြီး တခြားသရုပ်ဆောင်တွေလဲ ပါလာတယ်။ အထက ၆ ကို ရောက်လာတဲ့ ကျောင်းဆရာတစ်ယောက် အနေနဲ့ပါဝင်ထားပါတယ် " ဟု ကျော်ကျော်ဗိုက ပြောပြသည်။

ထခြောက် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ကျော်ဗို၊ ဗီတာမင်၊ စိုင်းနိယုမ်း၊ ပန်းရောင်ခြယ်၊ မြယာ၊ ဝင်းလဲ့ရွှေရည်၊ အိမ့်ဂျူရီမွန်၊ ကေရီမိုး၊ သိင်္ဂီမြင့်၊ ရွှေဝတ်မှုံစံ၊ ပုဏ္ဏမီအောင် စသည့်သရုပ်ဆောင်များ ပါဝင်ထားကြောင်း ကျော်ကျော်ဗိုက ပြောပြ၍ သိရသည်။

ASH

# တေးသံရှင် ဂျီဖတ်၏ တေးဂီတဖျော်ဖြေပွဲကို လှိုင်သာယာမြို့နယ်ရှိ Active Bar တွင် ပြုလုပ်မည်




**ရန်ကုန် အောက်တိုဘာ ၇**

တေးသံရှင် ဂျီဖတ်၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ Active Bar တွင် လာမည့် အောက်တိုဘာ ၁၀ ရက်နေ့ညတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဂျီဖတ်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဂျီဖတ်၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဂျီဖတ်နှင့်အတူ Dark Soul Music Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပါဝင်ပံ့ပိုးတီးခတ်ပေးမည် ဖြစ်သည်ဟုလည်း သိရသည်။

"လှိုင်သာယာက Active Bar မှာ လာမဲ့ အောက်တိုဘာ ၁၀ ရက်နေ့ညမှာ Dark Soul Music Band နဲ့အတူ အကောင်းဆုံး သီဆိုဖျော်ဖြေပေးဖို့ ပြင်ဆင်နေပါပြီ။ ကျွန်တော်နဲ့အတူ DJ Keno ကလဲ အကောင်းဆုံးဖျော်ဖြေပေးမှာဖြစ်သလို Hear & Now Dancer Crew ကလဲ ပါဝင်အားဖြည့်ပေးအုံးမှာဖြစ်လို့ အားပေးချီးမြှင့်ပေးပါအုံး" ဟု တေးသံရှင် ဂျီဖတ်က ပြောပြသည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို Active Bar တွင် လာမည့် အောက်တိုဘာ ၁၀ ရက်နေ့ည ၇နာရီမှ စတင်ဖျော်ဖြေသွားမည်ဟု သိရသည်။

ASH

# ဆိုနီ Resident Evil ဇာတ်ကား၌ သရုပ်ဆောင်သစ်သုံးဦး ထပ်မံပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၇**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Resident Evil ဇာတ်ကား၌ မင်းသားဇက်ချာရီ၊ ဂွျန်နီဝီဆင်နှင့် မင်းသမီးကာလီရိုက်တို့ပါဝင် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း အောက်တိုဘာ ၆ ရက် သတင်းများအရ သိရသည်။

Resident Evil ဇာတ်ကားကို ဒါရိုက်တာ ဇက်ခရက်ဂျာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

အထက်ဖော်ပြပါ သရုပ်ဆောင်သုံးဦးတို့သည် Resident Evil ဇာတ်ကားသစ်၌ မင်းသားအော်စတင်အေဘရစ်နှင့် အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် Capsom ကုမ္ပဏီ၏ Resident Evil ဗီဒီယိုဂိမ်းများကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Resident Evil ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ ဇက်ခရက်ဂျာက ဇာတ်ညွှန်းရေးဆရာ ရှေးဟက်ထန်နှင့်ပူးတွဲရေးသားထားသည်။

လက်ရှိတွင် Resident Evil ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Final Destination-7 ဇာတ်ကားကို ဒါရိုက်တာ မီချီရယ်ဘလန်းချာ့ ရိုက်ကူးဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၇**

Final Destination-7 ဇာတ်ကားကို ဒါရိုက်တာ မီချီရယ်ဘလန်းချာ့က တာဝန်ယူရိုက်ကူးပေးဖွယ်ရှိကြောင်း အောက်တိုဘာ ၆ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် ဒါရိုက်တာ မီချီရယ်ဘလန်းချာ့သည် Final Destination-7 ဇာတ်ကားကို ရိုက်ကူးရေးအတွက် Newline ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း၊ အဆိုပါကုမ္ပဏီသည် ယခုနှစ်တွင်ရုံတင်ပြသခဲ့သည့် Final Destination:Blood lines ဇာတ်ကား အောင်မြင်မှုရရှိခဲ့ပြီးနောက် Final Destination -7 ကို ဆက်လက်ရိုက်ကူးရန် စီစဉ်ထားခြင်းဖြစ်သည်။

Final Destination : Blood lines ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၁၅ သန်းထိရရှိခဲ့ရာ Final Destination ဇာတ်ကားများအနက် ဝင်ငွေအကောင်းဆုံး ဇာတ်ကားဖြစ်ပြီး Final Destination - 7 အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ လိုနီအီဗင့်တေလက ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Final Destination ဇာတ်ကား၌ ပါဝင်မည့်သရုပ်ဆောင်များကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing addresses opening ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions


Senior General Min Aung Hlaing addresses the opening ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions.

**Nay Pyi Taw October 7**

The opening ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions took place at Myanmar International Convention Center-I in Nay Pyi Taw this morning, with an address delivered by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, SSPC Vice Chairman Vice-Senior General Soe Win and wife Daw Than Than Nwe, SSPC member Prime Minister U Nyo Saw and wife, SSPC Secretary Joint Executive Chief General Ye Win Oo and wife, SSPC members and wives, union level dignitaries, union ministers and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, senior military officers from Office of Commander-in-Chief, members of the steering committee, work committee and subcommittees to hold the competitions, region/state ministers, judges, managers, coaches, supporters, national races contestants from regions and states and officials.

SSPC Vice Chairman Vice-Senior General Soe Win, Patron of the Steering Committee SSPC member Prime Minister U Nyo Saw and Chair of the Steering Committee Union Minister for Religious Affairs and Culture U Tin Oo Lwin formally opened the ceremony.


Senior General Min Aung Hlaing greets maestros and judges.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing unveiled the signboard of the competitions by pushing a button.

The second part of the ceremony was opened with a song, "Aphwint-tay-ka-bya", commemorating the 26th MyanmarTraditional Cultural Performing Arts Competitions.

In his keynote address, the Senior General said in this world, the national brethren of the country are able to stand with pride and uniqueness throughout the course of history, with their own literature, cultural traditions and customs, thanks to the innovations, efforts and honorable mores of the forefathers of the past successive periods.

The ability to preserve the level of their own cultural performing arts for a long time and to demonstrate them in accord with the ancient traditions is the main indicator in showing the prestige and standard of a country and its people. Myanmar has also preserved its age-old cultural performing arts till today, and can expose them in their original form, and this shows its high status and standard on the global stage.

The fact that Myanmar continues to possess its traditional cultural heritage to this day is due to the efforts of ancestors, who throughout Myanmar's history discovered, preserved, promoted, and passed down these traditions. It is therefore the national duty and responsibility of the younger generations, as inheritors of this legacy, to continue preserving and promoting Myanmar's unique cultural roots and values, following the noble customs of the past and ensuring that they do not fade away.

In the realm of Myanmar traditional culture, the arts of singing, dancing, writing, and playing musical instruments each possess their own unique qualities and distinct styles. At the same time, these disciplines—such as singing and dancing, dancing and instrumental music, instrumental music and singing, and singing and writing—are closely interrelated. They influence and support one another in mutual harmony, flourishing through their deep and balanced interconnection.

It is also hoped that the new generation of artists participating in the 26th Competition will be able to showcase their artistic talents in a way that brings satisfaction and enjoyment to the judges and audiences. Moreover, this grand competition is not only a contest but also an opportunity for the national brethren from across all states and regions to come together in friendship and harmony, to strengthen bonds of goodwill, and to exchange and share their diverse cultural and artistic traditions. Through these meaningful outcomes, it will also help promote greater unity and solidarity among the national races.

Therefore, in order to further strengthen and enhance the success and momentum of Myanmar's traditional singing, dancing, writing, and instrumental music competitions,

*See Page 13*


Vice-Senior General Soe Win, Prime Minister U Nyo Saw and Union Minister U Tin Oo Lwin formally open the ceremony.

# Htigyaing Township to cultivate over 8,000 acres of winter sesame this year


A winter sesame plantation Htigyaing Township.

**Htigyaing October 7**

According to the township Agriculture Department, local authorities earmarked cultivation of more than 8,000 acres of winter sesame in Htigyaing Township of Sagaing Region this year.

During the 2025–2026 winter crop season, it is planned to cultivate 8,080 acres of winter sesame in Htigyaing Township, with planting scheduled to take place from October to December this year.

"In the upcoming winter crop season, we plan to grow over 8,000 acres of winter sesame in Htigyaing Township. Efforts will be made to fully meet the target acreage. Sesame cultivation has been increasing year by year. Compared to the monsoon, farmers mainly focus on growing sesame during the winter. As an oilseed crop, it is doing well," said U Ko Ko Aung, Head of the Htigyaing Township Agriculture Department.

This year, the Township Agriculture Department will provide farmers who cultivated monsoon sesame with awareness programs to encourage expansion of sesame cultivation, adoption of proper cultivation methods, application of GAP practices, and use of quality, pure, and high-yield seed varieties.

Crops produced under GAP standards are known to have better quality than those grown by conventional methods, fetch higher prices, and have the advantage of being marketable not only domestically but also internationally. As a result, farmers who grow crops under GAP are expected to gain higher profits and see improvements in their socio-economic conditions.

206

# Ngaputaw Township supplies large volume of octopus to Yangon market in August

**Ngaputaw October 7**

Local fishery entrepreneurs from Ngaputaw Township of Ayeyawady Region sold a large volume of octopus to Yangon market in August, said Daw Swe Swe, the owner of fishery product trading commodity in Ngaputaw Township.

From Ngaputaw Township, about 50,000 viss of octopus were transported and sold to the Yangon market during July this year, while between August 1 and 31, the volume increased to about 75,000 viss. The Yangon market has been actively purchasing octopus from the area.

"Seafood products from the region are being exported smoothly to the Yangon market, which is the main destination for our shipments. Last month alone, around 75,000 viss of octopus were delivered. Prices vary depending on freshness, size, and weight. Demand from Yangon remains strong. The seafood exported from here is also resold from the Yangon market to other domestic regions," said Daw Swe Swe.

Octopus exported from Ngaputaw Township has been priced at around K27,000 per kilogram for long-arm octopus and K24,500 per kilogram for short-arm octopus. With strong sales and exports of octopus and other seafood products, fishermen, traders, wholesale market owners, dealers, and truck operators are reportedly enjoying stable employment and business opportunities.

Kyaw Kyaw Lin

# Farmers prepare to grow more than 3,000 acres of vegetables in Mingin Township

**Mingin October 7**

Mingin Township Agriculture Department stated that local farmers will grow more than 3,000 acres of vegetables as cold season crops in Mingin Township of Sagaing Region this year.

During the 2025–2026 winter crop season, it is planned to cultivate 3,902 acres of vegetables in Mingin Township, with planting scheduled to take place from October to December this year.

"In the coming winter season, over 3,000 acres of vegetables are planned for cultivation in Mingin Township. The crops include mustard, chili, coriander, potato, cabbage, eggplant, and cauliflower. We are providing farmers with technical support to grow all these vegetables under GAP standards. Guidance will also be given to ensure that cultivation uses minimal chemical residues and is aligned with health standards," said Daw Hayman Kyaw Win, Head of the Mingin Township Agriculture Department.

The Township Agriculture Department is conducting training sessions for vegetable farmers this year to enable cultivation under GAP methods, providing knowledge to ensure that vegetables harvested from farms are safe and healthy for consumers, and encouraging farmers to expand vegetable cultivation.

Vegetables are grown seasonally in Mingin Township every year, and farmers have been achieving success and earning household income from these crops. The Township Agriculture Department is also providing awareness on proper cultivation practices, pest prevention, and the use of natural fertilizers, organic pesticides, and bio-insect repellents to support sustainable farming.

206


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


*From Page 12*

and to ensure that the 26th competition now being held achieves its objectives successfully, it is earnestly urged that all responsible officials from relevant departments, maestros and distinguished artistes, judges, participating performers, and art enthusiasts work together with unity of purpose and collective effort.

It is urged that officials and artistes dedicate their talents and efforts to ensuring the continued vitality and development of the Myanmar people's unique culture, arts, and ethnic identity. They are encouraged to cherish and preserve the authentic Myanmar traditional cultural arts, which have been cultivated magnificently over thousands of years, so that the pride and heritage of the Myanmar people remain alive and vibrant. They should also work to prevent the influence of alien cultures and help the younger generations grow with refined cultural sensibilities and a strong sense of national spirit and resilience. In line with these four objectives, it is earnestly requested that everyone involved strive for the successful organization of the 26th Competition and generously share the nation's cultural heritage.

The Chairman of the Leading Committee Union Minister reported on arrangements for the competition.

After the ceremony, Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla and party cordially greeted maestros.

The 26th Performing Arts Competition is being held in accord with its objectives: to explore, preserve, and enhance Myanmar's national prestige, integrity, and distinctive cultural heritage; to promote and exemplify the spirit of national solidarity and unity through Myanma art; to transmit traditional performing arts to the younger generation; and to function as a national cultural and artistic institution contributing to the State's socioeconomic development.

100

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယအင်ဂျင်နီယာကုမ္ပဏီက ဒရုန်းတန်ပြန်တိုက်ဖျက်ရေးစနစ် ၁၂ ခု ပံ့ပိုးပေးရန် အိန္ဒိယကြည်းတပ်နှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့



အိန္ဒိယအင်ဂျင်နီယာကုမ္ပဏီ Axiscades Technologies သည် အိန္ဒိယကြည်းတပ်အတွက် လူတစ်ကိုယ်သယ်ယူနိုင်သော ဒရုန်းတန်ပြန်တိုက်ဖျက်ရေးစနစ် ၁၂ ခု ပံ့ပိုးပေးရန် အိန္ဒိယကြည်းတပ်နှင့် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ အရေးပေါ်ဝယ်ယူရေးတွင် ဤဝယ်ယူရေးအမှာစာသည် ရန်သူ့မောင်းသူမဲ့လေယာဉ်များကို ထောက်လှမ်းရန်၊ ခြေရာခံရန်နှင့် တန်ပြန်ချေမှုန်းရန် ဒီဇိုင်းထုတ်ထားသည့် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များကို လျင်မြန်စွာပေးပို့ရန် တောင်းဆိုထားသည်။ စာချုပ်တန်ဖိုးကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပါ။

အဆိုပါစနစ်များသည် အကွာအဝေး ငါးကီလိုမီတာထိ ဒရုန်းများကို ရှာဖွေထောက်လှမ်းဖော်ထုတ်နိုင်ပြီး ၎င်းတို့၏ အချက်ပြမှုများကို ကြိမ်နှုန်းများစွာဖြင့် နှောင့်ယှက်ပိတ်ဆို့နိုင်စွမ်း ရှိမည်ဖြစ်သည်။ ထိုသို့ပိတ်ဆို့ခြင်းဖြင့် ဒရုန်းများ၏ ပျံသန်းထိန်းချုပ်မှုနှင့် အချက်အလက်ပေးပို့မှုများကို ရပ်တန့်ပစ်စေနိုင်သည်။

Axiscades Technologies ကုမ္ပဏီ၊ ကာကွယ်ရေးဆိုင်ရာဥက္ကဋ္ဌ Sharadhi Chandra Babu က ဤစာချုပ်သည် ပြည်တွင်းကာကွယ်ရေးနည်းပညာအပေါ် အစိုးရ၏ယုံကြည်မှုကို ထင်ဟပ်စေသည်ဟု ပြောကြားခဲ့သည်။

အိန္ဒိယကြည်းတပ်သည် ပါကစ္စတန်နယ်စပ်တစ်လျှောက် ကင်းထောက်ရန်နှင့် တိုက်ခိုက်ရန်ဒရုန်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခဲ့ကြပြီးနောက် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး နည်းပညာများ တီထွင်ထုတ်လုပ်မှု အရှိန်မြှင့်တင်ခဲ့ကြခြင်းဖြစ်သည်။

Axiscades ကုမ္ပဏီနှင့် ချုပ်ဆိုသော ဤသဘောတူစာချုပ်သည် ထိုးစစ်ရော၊ ခုခံကာကွယ်ရေးတွင်ပါ ဒရုန်းစွမ်းရည်များကို အားကောင်းလာစေရန် အိန္ဒိယနိုင်ငံ၏ ကျယ်ပြန့်သော တွန်းအားပေးကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း ကြည်းတပ်နှင့် အခြားဝန်ဆောင်မှုဌာနများသည် ပြည်တွင်းပေးသွင်းသူများထံမှ ပစ်မှတ်ပေါ် ပျံဝဲစောင့်ကြည့် ပျံသန်းတိုက်ခိုက်နိုင်သည့် loitering munitions တိုက်ခိုက်ရေးဒရုန်းများ၊ တာဝေးပျံသန်းစစ်ဆင်နိုင်သော မောင်းသူမဲ့လေယာဉ်များနှင့် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များစွာကို စမ်းသပ်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံ၏ Axiscades Technologies ကုမ္ပဏီမှ လူတစ်ကိုယ်သယ်ယူနိုင်သော တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ် ၁၂ ခုကို အိန္ဒိယကြည်းတပ်အတွက် ပံ့ပိုးပေးရန် စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းသည် လက်ရှိ ကာကွယ်ရေးနည်းပညာနယ်ပယ်၏ အရေးကြီးသော လမ်းကြောင်းနှစ်ခုကို ထင်ဟပ်ပြနေသည်။ ပထမအချက်အနေဖြင့် စီးပွားဖြစ်သုံးဒရုန်းများကို စစ်ဘက်သုံးရန် လွယ်ကူစွာပြုပြင်နိုင်ခြင်းကြောင့် ဒရုန်းခြိမ်းခြောက်မှုသည် မြေပြင်တပ်ဖွဲ့များအတွက် ပိုမိုအရေးတကြီးဖြစ်လာနေသည့်အတွက် ထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် ပိတ်ဆို့ခြင်းတို့ ပြုလုပ်နိုင်သော တန်ပြန်စနစ်များ လိုအပ်လာခြင်းဖြစ်သည်။ အထူးသဖြင့် ပါကစ္စတန်နှင့်နယ်စပ်တစ်လျှောက် တင်းမာမှုများရှိနေချိန်တွင် ဤစနစ်များကဲ့သို့ စစ်မြေပြင်တွင် အသင့်သုံးနိုင်သောဖြေရှင်းချက်များကို အရေးပေါ်ဝယ်ယူခြင်းသည် အချိန်နှင့်တစ်ပြေးညီတုံ့ပြန်ရန် အရေးပါလှသည်။ ဒုတိယအချက်မှာ ဤစာချုပ်သည် အိန္ဒိယအစိုးရ၏ ကိုယ်တိုင်အားထားရပ်တည်ရေးမူဝါဒကို အလေးထားသည့်သဘောဖြစ်သည်။ နိုင်ငံခြားမှ ဝယ်ယူမှုအစား ပြည်တွင်းကုမ္ပဏီများကို အားပေးထောက်ခံခြင်းဖြင့် လက်ရှိလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းရုံသာမက အရေးပါသော ကာကွယ်ရေးနည်းပညာများတွင် ရေရှည်စက်မှုစွမ်းရည်တည်ဆောက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**India's Axiscades Wins Army Deal for Counter-Drone Systems** ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။

## ပါကစ္စတန်နိုင်ငံက Fatah-4 မြေပြင်ပစ် ခရုဇ်ဒုံးကျည်ကို လေ့ကျင့်စမ်းသပ်ပစ်လွှတ်မှုပြုလုပ်ခဲ့

ပါကစ္စတန်နိုင်ငံသည် အသစ်တီထွင်တပ်ဆင်ထားသည့် Fatah-4 မြေပြင်ပစ် ခရုဇ်ဒုံးကျည်ကို လေ့ကျင့်စမ်းသပ်ပစ်လွှတ်မှုပြုလုပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ စမ်းသပ်ပစ်ခတ်မှုသည် ဒုံးကျည်၏အကွာအဝေး ကီလိုမီတာ ၇၅၀ ထိ ပစ်ခတ်နိုင်စွမ်းကို အောင်မြင်စွာသရုပ်ပြသနိုင်ခဲ့သည်။ တာဝန်ရှိသူများ၏ဖော်ပြချက်အရ ဤဒုံးကျည်သည် ပြည်တွင်းထုတ်စနစ်တစ်ခုဖြစ်ပြီး ခေတ်မီလေကြောင်း အီလက်ထရွန်နစ်စနစ်များနှင့် လမ်းကြောင်းပြ အထောက်အကူပစ္စည်းများပါဝင်ကြောင်း သိရသည်။ ၎င်းသည် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ရှောင်ရှားပျံသန်းတိုက်ပွဲဝင်နိုင်ရန် မြေပြင်နှင့် နီးကပ်စွာပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

ပါကစ္စတန်စစ်ဘက်၏ ထုတ်ပြန်ချက်အရ ဤဒုံးကျည်စနစ်သည် ပစ်မှတ်များကို တိကျစွာတိုက်ပွဲဝင်နိုင်စွမ်းရှိပြီး ပါကစ္စတန်တပ်မတော်၏ သမားရိုးကျဒုံးကျည်တပ်ဖွဲ့များ၏ ရှင်သန်ရပ်တည်နိုင်စွမ်းကိုလည်း မြင့်မားကောင်းမွန်စေမည်ဖြစ်ကြောင်း သိရသည်။ Fatah-4 သည် ပါကစ္စတန်နိုင်ငံ၏ သမားရိုးကျဟန့်တားရေးမဟာဗျူဟာအတွက် အရေးပါလာသောဌာနခွဲတစ်ခုဖြစ်သည့် ကြည်းတပ်၊ ဒုံးကျည်တပ်ဖွဲ့ကွပ်ကဲရေးဌာနချုပ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ၎င်းသည် မကြာသေးမီနှစ်များအတွင်း စတင်တပ်ဖြန့်နိုင်ခဲ့သည့် Fatah ဒုံးကျည်တာတိုပစ် Fatah-1 နှင့် Fatah-2 အစောပိုင်းဒုံးကျည်များကို အခြေခံ၍တည်ဆောက်ထားခြင်းဖြစ်သည်။

ဤကြေညာချက်သည် အိန္ဒိယနိုင်ငံ၏ ချဲ့ထွင်လာနေသော ကာကွယ်ရေးစွမ်းရည်များ၊ ဒုံးကျည်များခေတ်မီတိုးတက်ရေးတို့နှင့် ပါကစ္စတန်ဘက်မှ ဟန်ချက်ညီအောင် ဆောင်ရွက်နေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည်လည်း အဆင့်မြင့်ခရုဇ်ဒုံးကျည်များ၊ ပဲ့ထိန်းဒုံးကျည်များအပြင် အလွှာလိုက်လေကြောင်းရန်နှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို တပ်ဖြန့်အသုံးပြုလျက်ရှိသည်။

လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း ပါကစ္စတန်နိုင်ငံသည် ၎င်း၏ ပြည်တွင်းထုတ်လုပ်ရေး တွန်းအားပေးမှုအောက်တွင် စနစ်အသစ်များစွာကို မိတ်ဆက်ပြသခဲ့သည်။ ယခုနှစ် ဩဂုတ်လတွင် ကြည်းတပ်က သမားရိုးကျဒုံးကျည်တပ်ဖွဲ့များအတွက်ရည်ရွယ်သည့် ကြည်းတပ်ဒုံးကျည်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်ကို တရားဝင်ဖွဲ့စည်းခဲ့သည်။ ဤကွပ်ကဲမှုဌာနချုပ်သည် ပစ်ခတ်နိုင်သည့်အကွာအဝေးနှင့် တိကျစွာပစ်ခတ်နိုင်စွမ်းကို စဉ်ဆက်မပြတ်တိုးမြှင့်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် Fatah ဒုံးကျည်နှင့် အခြားဒုံးကျည်လက်နက်စနစ်များကို တာဝန်ယူကြီးကြပ်ရသည်။ ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် ပါကစ္စတန်ရေတပ်သည် အကွာအဝေး ကီလိုမီတာ ၃၅၀ ထိ ပစ်နိုင်သော သင်္ဘောမှပစ်လွှတ်သည့် ပဲ့ထိန်းဒုံးကျည်ကိုစမ်းသပ်ခဲ့ပြီး ရေတပ်၏ သမားရိုးကျရေကြောင်းစွမ်းအားများ ပိုင်ဆိုင်နိုင်ရေးအတွက် အပြင်းအထန်ကြိုးပမ်းလုပ်ဆောင်လာခဲ့သည်။ ထို့ပြင် Babur ကဲ့သို့သော တာဝေးပစ်ခရုဇ်ဒုံးကျည်များ တီထွင်ထုတ်လုပ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြသည်။ ၎င်းဒုံးကျည်များကို မြေပြင်နှင့် ရေပြင်နှစ်မျိုးစလုံးမှပစ်ခတ်နိုင်ရန် စမ်းသပ်ထားပြီးဖြစ်သည်။

ပါကစ္စတန်နိုင်ငံမှ Fatah-4 မြေပြင်ပစ်ခရုဇ်ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့ခြင်းသည် ဒေသတွင်းလုံခြုံရေး ပြိုင်ဆိုင်မှုမြင့်မားလာနေကြောင်းကို ထင်ရှားစေသည်။ ကီလိုမီတာ ၇၅၀ ထိ ပစ်ခတ်နိုင်စွမ်းရှိသော ပြည်တွင်းထုတ်စနစ်သည် ခေတ်မီလေကြောင်းအီလက်ထရွန်နစ်စနစ်များပါဝင်ကာ ရန်သူ့လေကြောင်းရန်ကာကွယ်ရေးကို ရှောင်ရှားနိုင်ရန် မြေပြင်နှင့် နီးကပ်စွာပျံသန်းနိုင်သောကြောင့် ပါကစ္စတန်၏ သမားရိုးကျဟန့်တားရေး မဟာဗျူဟာအတွက် အရေးပါသော တိုးတက်မှုဖြစ်ကြောင်း သိရသည်။

**Pakistan Tests Fatah-4 Cruise Missile With 466-Mile Range** ကို ဘာသာပြန်ဆိုထားပါသည်။



မင်းမျိုး

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၈၉၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၈၉၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၁၆၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၈၉၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ စပါး ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာလိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် စိုက်ပျိုးထားသောမိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်သုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**စေတုတ္တရာ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခြင်ပြစ်ကိုင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ခြင်ပြစ်ကိုင်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၂ သိန်း ၈ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခြင်ပြစ်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၃၀ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူလေးဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၈ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဒေသထွက်ဖူးစားပြောင်း အဖူးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဖူးစားပြောင်းအဖူးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နှင်းနှင်းအေးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ဒေသထွက်ဖူးစားပြောင်းအဖူးရေ ၇၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဖူးစားပြောင်း အဖူးရေ ၂၀၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းက ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်းဖူးရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ငပုတောမြို့နယ်ကနေ ဒေသထွက် ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလို့ တင်ပို့ရောင်းချမှုကောင်းခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေများများတင်ပို့ရောင်းချနေရတော့ ကုန်သည်တွေပါ အလုပ်အကိုင်အခွင့်အလမ်းတွေကောင်းလာပါတယ်။ တင်ပို့ရောင်းချတဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းတယ်" ဟု ငပုတောမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နှင်းနှင်းအေးက ပြောပြသည်။

ငပုတောမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကိုဝယ်ယူပြီး ကုန်တင်ကားများဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖူးစားပြောင်း အဖူးရေ ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀ မှ ၃၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းယန်း အောက်တိုဘာ ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ မိုင်းလွေကျေးရွာ၌ အရှည် နှစ်မိုင် ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေစုကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိရေရရှိရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၁၁၁ သန်းအသုံးပြုကာ ဦးစီးဌာနအင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ယခုနှစ် ဇူလိုင်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**


ကိုဗစ် - ၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို စတင်ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊

**ယခုပြိုင်ပွဲကြီးသည် ယှဉ်ပြိုင်မှုသာမက ပြည်နယ်နှင့် တိုင်းဒေသကြီး အနှံ့အပြားတွင် နေထိုင်ကြသည့် ပြည်ထောင်စုသွေးချင်းများ ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းနိုင်မှု၊ မိတ်ကောင်းဆွေကောင်းများ တိုးတက်ရရှိမှု၊ ယဉ်ကျေးမှုအနုပညာအသီးသီးကို နှီးနှောဖလှယ်မျှဝေနိုင်မှု စသည့်အကျိုးရလဒ်များမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖော်ဆောင်နိုင်မည်လည်းဖြစ် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "အဖွင့်တေးကဗျာ"သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်အဆက်ဆက် မြန်မာဘိုးဘွားတို့၏ တီထွင်ကြိုးပမ်းအားထုတ်မှုနှင့် အစဉ်အလာကောင်းများကြောင့် မြန်မာ့သမိုင်းတစ်လျှောက်တွင် မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် ကမ္ဘာ့အလယ်တွင် ထူးထူးခြားခြား ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ကြကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမ ယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ယနေ့ထက်တိုင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာ့

## ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည့် မြန်မာ (ISPE FC) အမျိုးသားဘောလုံးအသင်းအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည့် မြန်မာ(ISPE FC) အမျိုးသားဘောလုံးအသင်းအား တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင် ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

**ရန်ကုန် အောက်တိုဘာ ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Lincang မြို့တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက်ထိ ကျင်းပခဲ့သည့် သုံးနိုင်ငံ ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြန်မာ(ISPE FC) အမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ဒုတိယကျောင်းအုပ်ကြီးများ၊ မိဘဆွေမျိုး၊ မိတ်သင်္ဂဟများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားအောင်နိုင်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများ၊ အားကစားဝါသနာရှင် ပရိသတ်များက အိုးစည်၊ ဒိုးပတ်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အဆိုပါ အောင်ပွဲရ မြန်မာ (ISPE FC) အမျိုးသားဘောလုံးအသင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ကျိုက္ကဆံအားကစားကွင်းဂိတ် နံပါတ် (၉) သို့ပြန်လည်ဝင်ရောက်ခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများက အောင်သပြေပန်းခက်များနှင့် ဂုဏ်ယူစွာဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။**(သတင်းစဉ်)**

အလယ်တွင် ပြသနေခြင်းပင်ဖြစ်ကြောင်း။

မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ်ကြောင်း၊ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေ့မှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့ အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုနယ်ပယ်တွင် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် သီးခြားဂုဏ်ရည်၊ သီးသန့်မူဟန်များဖြင့် ဖြစ်ထွန်းနေခြင်းရှိသကဲ့သို့ အဆိုနှင့် အက၊ အကနှင့်အတီး၊ အတီးနှင့်အဆို၊ အဆိုနှင့်အရေးပညာရပ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး အပြန်အလှန်ထိန်းကွပ်မှု၊ အပြန်အလှန်ပံ့ပိုးမှုများဖြင့် တင့်တင့်တယ်တယ် ဆက်စပ်ဖြစ်ထွန်းနေသည်ကိုလည်း တွေ့နိုင်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ် . . .**

**ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေ့မှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့ အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ် . . .**

ယခု ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်အနုပညာရှင်များသည်လည်း မိမိတို့၏ အနုပညာစွမ်းရည်များကို အားပေးကြည့်ရှုအကဲဖြတ်နေကြသူများနှင့် ပရိသတ်များအတွက် စိတ်ကျေနပ်အားရဖွယ်ဖြစ်အောင် ပေးစွမ်းနိုင်ကြမည်ဟု မျှော်လင့်ကြောင်း၊ ယခုပြိုင်ပွဲကြီးသည် ယှဉ်ပြိုင်မှုသာမက ပြည်နယ်နှင့်တိုင်းဒေသကြီး အနှံ့အပြားတွင် နေထိုင်ကြသည့် ပြည်ထောင်စုသွေးချင်းများ ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းနိုင်မှု၊ မိတ်ကောင်းဆွေကောင်းများ တိုးတက်ရရှိမှု၊ ယဉ်ကျေးမှုအနုပညာအသီးသီးကို နှီးနှော ဖလှယ်မျှဝေနိုင်မှု စသည့်အကျိုးရလဒ်များမှ တစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖော်ဆောင်နိုင်မည်လည်း ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို ထပ်ဆင့်မြှင့်တင်နိုင်စေရန်နှင့် ယခုကျင်းပသည့် ၂၆ ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိသူများ၊ ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များနှင့် အနုပညာမြတ်နိုးသူပရိသတ်များအားလုံးက တူညီသည့်စိတ်ထားနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမေတ္တာရပ်ခံလိုကြောင်း။

တာဝန်ရှိသူများနှင့် အနုပညာရှင်များကို တိုက်တွန်းပြောကြားလိုသည်မှာ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ ခိုင်ခိုင်မာမာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန်နေရအောင် အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးမှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးသိမ်မွေ့ပြီး အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ ယခုကျင်းပမည့် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပရသည့် ဦးတည်ချက် လေးရပ်နှင့်အညီ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ပြီး ယဉ်ကျေးမှုအမွေ မျှဝေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက်လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ အောက်တိုဘာ ၁၂ ရက် နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးနှင့် (အရှေ့ပိုင်း)တာဝန်ခံ ဦးမျိုးမောင်တို့သည် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် "၀" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင်၊ ကျိုင်းတုံခရိုင်နှင့် မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မဲပေးစက်ဆိုင်ရာနည်းပညာအထောက်အကူပြုအဖွဲ့များနှင့် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမတွင် တွေ့ဆုံပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အပိုင်းလိုက်ခွဲပြီး ဆောင်ရွက်မည့်အခြေအနေ၊ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာပြီးစီးမှုအခြေအနေ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ မဲရုံများသို့သယ်ယူပို့ဆောင်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေ၊ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးမည့်အခြေအနေ၊ တရားမဲ့ပြုကျင့်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ MEVM မြန်မာအီလက်ထရောနစ်မဲပေးစက်များထုတ်ယူပြင်ဆင်ပြီး သက်ဆိုင်ရာမဲရုံများသို့သယ်ယူပို့ဆောင်နိုင်ရန်အတွက် ခရိုင်၊မြို့နယ် MEVM စက်များ ကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ၏ စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချပြရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်နယ်ခွဲ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များက တင်ပြချက်များအား ဖြည့်စွက်ဆွေးနွေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဘယ်လာရုစ်နိုင်ငံ ဖျော်ဖြေရေးအဖွဲ့ ပြင်ဦးလွင်မြို့တွင် လှည့်လည်ကြည့်ရှုလေ့လာ

ပြင်ဦးလွင် အောက်တိုဘာ ၇

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် ယနေ့တွင် ပြင်ဦးလွင်မြို့ရှိ အထင်ကရနေရာများသို့ လှည့်လည်သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါဖျော်ဖြေရေးအဖွဲ့၌ ဘယ်လာရုစ်တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky၊ အဆိုရှင်များဖြစ်ကြသည့် Ms. Nadezhda Bryleva နှင့် Ms. Anzhelika Zaitseva၊ မန်နေဂျာ Mr.Danila Kisiev တို့ လေးဦး ပါဝင်ပြီး မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအယ်လ်ဇန္ဒား၊ ရုရှားသံရုံးမှ ကိုယ်စားလှယ် Mr. Andrei Tretiakov နှင့် MRTV မှ တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်၊ အင်ကြင်းကျောက်ပြတိုက်၊ ရှံ့ညွန်တော၊ ဝါးပိုးဝါးပင်များ ထိန်းသိမ်းထားရှိမှု၊ လိပ်ပြာပြတိုက်၊ မြန်မာသစ်ခွမျိုးရင်းပြကွက်များကို စိတ်ပါဝင်စားစွာဖြင့် အသေးစိတ်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့တွင်းရှိ အမှတ်တရပစ္စည်း အရောင်းဆိုင်များသို့ သွားရောက်ကြပြီး အမှတ်တရပစ္စည်းများ ဝယ်ယူအားပေးကြသည်။

ထိုမှတစ်ဆင့် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း(BE.FALLS)သို့ သွားရောက်ကြပြီး အပန်းဖြေစခန်းအတွင်းရှိ မှန်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကာ ဆင်လိမ္မာသရုပ်ပြသမှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ အပန်းဖြေစခန်းအတွင်း ဘာဂီယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုသို့သွားရောက်စဉ် မြန်မာတို့၏ သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း လွတ်လပ်ပျော်ရွှင်စွာအပန်းဖြေလာရောက်နေကြသည့် ပြည်သူများနှင့်အတူ တွေ့ဆုံနှုတ်ဆက်ခြင်း၊ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ခြင်းများလည်း ဆောင်ရွက်ကြသည်။



အဆိုပါဖျော်ဖြေရေးအဖွဲ့သည် အောက်တိုဘာ ၅ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြပြီး ယင်းနေ့ညပိုင်းက မန္တလေးမြို့တော်ခန်းမ၌လည်းကောင်း၊ အောက်တိုဘာ ၆ ရက် ညပိုင်းက ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ဆက်လက်ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျောက်မဲမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်စဉ်။



ကျောက်မဲမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

☆ကျောဖုံးမှအဆက်

ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများကို တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံခဲ့ရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၀၆ ဦးရှိကြောင်း သိရသည်။ အဆိုပါကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

အလားတူ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်နေထိုင်ရေးအဆင်ပြေစေရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်၊ဆီနှင့် အခြေခံစားသောက်ကုန်များကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

ထို့အတူ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ အောက်တိုဘာ ၅ ရက်မှစတင်၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၆၉ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာလူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ













နေပြည်တော် အောက်တိုဘာ ၇

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက သာဆန်းရဂုံဘွေ (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ဇမ္ဗူရောင်ကွန့်(ဘွဲ့) သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

"ခေတ်ဟောင်း၊ ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အနန္တငါးဖြာ သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ရိပ်မြိုင်ရေချမ်းမေတ္တာစမ်းသီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှပြိုင်ပွဲဝင်များက ဒိုးကလေးသီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် အကပြိုင်ပွဲကို ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့အတူ အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူချွန်လူကောင်းတို့ ဂုဏ်ရည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာ (အသက် ၁၅ နှစ်မှ ၂၀ အတွင်း ) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျောင်းနေစဉ်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

အလားတူ တယောအတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ဝေဘာဂီရိ(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက တိမ်တမန် (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မဟာဇနက (ခေတ်ဟောင်းကာလပေါ်) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကို ပုဗ္ဗသီရိခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ(ကြိုး)" သီချင်းဖြင့်လည်း ကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက " မြန်မြေနယ် ဇမ္ဗူပါ (မြင်းခင်း)" သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲများက " မြန်မြေနယ် ဇမ္ဗူပါ(မြင်းခင်း)" သီချင်းဖြင့်လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ထိုသို့ သတ်မှတ်နေရာများအလိုက် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ အခြေခံပညာ (အသက် ၁၅ နှစ်မှ ၂၀ အတွင်း)၊ အဆင့်မြင့်ပညာအဆင့်ဟူ၍ အဆင့်သုံးဆင့်တို့တွင် ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ၁၀၇ ဦးဖြင့် စနစ်တကျ စိစစ်အကဲဖြတ် အမှတ်ပေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ခိုလမ်မြို့၊ လွိုင်လင်မြို့၊ နမ့်စန်မြို့၊ မိုင်းနောင်မြို့တို့၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲများ ပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲများ ပြုလုပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပွဲကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်လောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ခိုလမ်မြို့ရှိ ဘုန်းတော်ကြီးကျောင်း ၂၅ ကျောင်းမှ သံဃာတော် ၈၈ ပါး၊ ရှင်သာမဏေ ၃၄၆ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၅၆ ပါးတို့က ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကြွချီတော်မူကြရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၊ နမ့်စန်မြို့နှင့် မိုင်းနောင်မြို့တို့တွင်လည်း မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ပြုလုပ်ကာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၀ ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



နေပြည်တော် အောက်တိုဘာ ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်၊ မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တောင်အာဖရိကနိုင်ငံသား ခြောက်ဦး၊ မလေးရှားနိုင်ငံသား သုံးဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာရင်းဇယားအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilya Ilin နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Deputy Chief of Mission Mr. Bong Yik Jui နှင့် တာဝန်ရှိသူများ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၃၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၂ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆောင်ရွက်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသည့် နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အမြင်မတူ ခံယူချက်မတူရင် လက်နက်မဲ့ပြည်သူကို လက်နက်အားကိုးနဲ့ လိုက်လံသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ၈-၁၀-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ခိုင်လုံသော အကြောင်းရင်းမရှိဘဲ လူနေကျေးရွာများဘက် အကြမ်းဖက်သမားတွေရဲ့ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် စာသင်သားကိုရင်များ သေဆုံးထိခိုက်ခဲ့ရ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစား ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

❍ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု

လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူများသည် ပင်လယ်ရေကြောင်း၏ အားသာချက်ကိုအသုံးချကာ ရေလမ်းကြောင်းကို ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အနေဖြင့်လည်း မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုများကိုပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့် နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ရှမ်းပြည်နယ်မှ မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့မှ တစ်ဆင့် ရခိုင်ပြည်နယ်နှင့် မလေးရှား






လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းမပေါ်နှင့် ထန်းတပင်မြို့နယ် နေအိမ်တို့၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၏ မှတ်တမ်းဓာတ်ပုံ။





လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းမပေါ်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများသယ်ဆောင်လာသည့် ယာဉ်နှင့် သိုဝှက်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။





မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်နှင့် နေအိမ်အတွင်းသိုဝှက်ထားသည့် မူးယစ်ဆေးဝါးများ၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ မူးယစ်ဆေးဝါး(ကက်တမင်း) ထုပ်ပိုးမှုပုံစံ။



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သမစိတ္တကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့သည့် တရားခံများနှင့် မူးယစ်ဆေးဝါးများ မှတ်တမ်းဓာတ်ပုံ။




ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ ထုပ်ပိုးမှုပုံစံများ။

နိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီး လမ်းမပေါ်၌ မောင်းနှင်လာသည့် NISSAN CONDOR ယာဉ်မောင်း အောင်ခန့်ကျော်နှင့် ယာဉ် ယာဉ်ပေါ်မှ အိုက်စ် ၁၄၃၉ ကီလိုဂရမ် နောက်လိုက် ထက်ဝေဖြိုးတို့ကို ၎င်းတို့ တန်ဖိုးငွေကျပ်

**စာမျက်နှာ ၂၂ သို့**



သုံးခွမြို့နယ် သမစိတ္တာကျေးရွာရှိ ငါးကုန်စည်ဒိုင်အဆောက်အအုံနှင့် ငါးသယ်ယူပို့ဆောင်သည့် ရေခဲပုံးများအတွင်း မူးယစ်ဆေးဝါးများ သို၀ှက်ထားသည့် မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၁ မှအဆက်

၃၅ ဒသမ ၉၇ ဘီလီယံခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦး၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၅ ရက်တွင် ရွှေပြည်သာမြို့နယ် ဒညင်းကုန်းလမ်းဆုံအနီးရှိ “ရွှေမောင်း”လက်ဖက်ရည်ဆိုင်၌ မူးယစ်ဆေးဝါးသယ်ဆောင်မည့် ယာဉ်အားငှားရမ်းချိတ်ဆက်ပေးသည့် ဇော်ဝင်းထွန်းနှင့် ဆန်းထွန်းကျော်တို့ နှစ်ဦးကိုလည်းကောင်း၊ ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်၌ မူးယစ်ဆေးဝါးများ သိုလှောင်သိမ်းဆည်းပေးသူ ဇော်လင်း၊ စောဇင်မင်းဟန်တို့ကို အိုက်စ် ၁၉၉၉ ကီလိုဂရမ် တန်ဖိုးငွေကျပ် ၄၉ ဒသမ ၉၇ ဘီလီယံခန့်နှင့်အတူလည်းကောင်း ထပ်မံငွေကျပ် ၁၀၉ ဒသမ ၉ ဘီလီယံခန့်နှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် MITSUBISHI FUSO အဖြူရောင်ယာဉ် တစ်စီး၊ NISSAN VANETTE အဖြူရောင်ယာဉ် တစ်စီး၊ HYUNDAI PORTER အဖြူရောင်ယာဉ် တစ်စီးတို့နှင့်အတူလည်းကောင်း၊ လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာ၌ မူးယစ်ဆေးဝါးသယ်ဆောင်မည့် ယာဉ်မောင်းများကို ချိတ်ဆက်ပေးသူ စိုးမင်းပိုင်အားလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး သတင်းဆက်အရ စက်တင်ဘာ ၂၈ ရက်တွင် လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် Smile World Spa ဆိုင်၌ မူးယစ်ဆေးဝါးများ သိုလှောင်သိမ်းဆည်းပေးသူ ခင်မောင်တွတ်အားလည်းကောင်း၊ စက်တင်ဘာ ၂၉ ရက်



သုံးခွမြို့နယ် သမစိတ္တာကျေးရွာရှိ ကုန်စုံဆိုင်တွင် ဆန်အိတ်များနှင့်ရောနှော၍ သို၀ှက်သိမ်းဆည်းထားသည့် မူးယစ်ဆေးဝါးများ၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ NISSAN VANETTE အဖြူရောင်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ HYUNDAI PORTER အဖြူရောင်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။




ဖမ်းဆီးရမိ MITSUBISHI FUSO အဖြူရောင်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူများ၏ ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများကို သုံးခွမြို့နယ် သမစိတ္တာကမ်းခြေမှ မလေးရှားနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် သမစိတ္တာကျေးရွာအနီးရှိ နေအိမ်ဂိုဒေါင်၌ ဂိုဒေါင်ပိုင်ရှင်ဖြစ်သူ ကျော်နိုင်နှင့် မူးယစ်ဆေးဝါးသယ်ဆောင်ပေးခဲ့သည့် ယာဉ်မောင်း၊ ယာဉ်မောင်းအကူများဖြစ်သော သက်ပိုင်ဦး၊ ရဲကို၊ ဟိန်းထက်စိုး၊ ထက်နေလင်း၊ ဇင်မင်းလှိုင်၊ ဝေဖြိုးအောင်တို့ကို ကက်တမင်း ၂၁၉၈ ကီလိုဂရမ် တန်ဖိုးတွင် တွံတေးမြို့နယ် ဘုရားငူကျေးရွာ၌ တင့်နိုင်ထွန်းအားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ ၁၆ ဦး၊ မော်တော်ယာဉ် လေးစီးနှင့် အိုက်စ် ၃၄၃၈ ကီလိုဂရမ်၊ ကက်တမင်း ၂၁၉၈ ကီလိုဂရမ် စုစုပေါင်းမူးယစ်ဆေးဝါးတန်ဖိုးငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ကာလိမြို့နေ စိုင်းနော်ခမ်း (ခ) ကိုစိုင်း (ဖမ်းဆီးရန်ကျန်)က ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသမှ မူးယစ်ဆေးဝါးများကို ရမည်းသင်းမြို့သို့ ပို့ဆောင်ပေးခဲ့ရာ ရမည်းသင်းမြို့မှ ရန်ကုန်မြို့သို့ အောင်ခန့်ကျော်နှင့် ထက်ဝေဖြိုးတို့က ဆက်လက်သယ်ဆောင်ခဲ့ကြောင်း၊ စိုင်းနော်ခမ်း(ဖမ်းဆီးရန်ကျန်)၏ စေခိုင်းချက်အရ ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို ဇော်လင်း ငှားရမ်းထားသည့် ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်၌ သိုလှောင်သိမ်းဆည်းထားစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို ခင်မောင်တွတ်က လှိုင်သာယာမြို့နယ်၌ ခေတ္တသိုလှောင်သိမ်းဆည်းပေးခဲ့ပြီး ၎င်းနေရာမှတစ်ဆင့် ပင်လယ်ကမ်းစပ်ဖြစ်သည့် သုံးခွမြို့နယ် သမစိတ္တာကျေးရွာရှိ ကျော်နိုင်၏ဂိုဒေါင်သို့ ပို့ဆောင်သိုလှောင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိသူ ကျော်နိုင်၏ထွက်ဆိုချက်အရ ဂိုဒေါင်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က စီးပွားရေးတာဝန်ခံများဖြစ်သည့် ရဲဇော် (ဖမ်းဆီးရန်ကျန်)နှင့် ချစ်မင်း(ဖမ်းဆီးရန်ကျန်)တို့က ပင်လယ်ရေလမ်းကြောင်းဖြင့် မလေးရှားနိုင်ငံသို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တရားခံပြေးများအပါအဝင် ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါး သယ်ဆောင်သည့်သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ကြောင်းနှင့် သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများကို လျှို့ဝှက်၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (ဖဒ)



လှိုင်သာယာမြို့နယ် ဂိုဒေါင်အဆောက်အအုံအတွင်းရှိ မူးယစ်ဆေးဝါးများ သို၀ှက်ထားခဲ့သည့် မြေအောက်အခန်းကို ရှာဖွေမှု မှတ်တမ်းဓာတ်ပုံ။

# တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇ ကီလို ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာ၌ အောက်တိုဘာ ၄ ရက်တွင် အိုက်စ် (မက်သ်အဖက်တမင်း) ၂၀၇ ကီလို ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅၆ ဘီလီယံခန့် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခန့်တွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာရှိ စိုင်းရဲန်တို့၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ စိုင်းရဲန်တို့၊ ဖိလစ်(ခ)အကိန်၊ အိုက်မောင်၊ စိုင်းဝန်း၊ အိုက်အွန်ကျောက်၊ စိုင်းရဲန်ဖနှင့် စိုင်းလောင်နွံတို့ ခုနစ်ဦးကို အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇ ကီလို ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅၆ ဘီလီယံ၊ TOYOTA FOR-TUNER ယာဉ် တစ်စီး၊ HONDA CIVIC ယာဉ် တစ်စီး၊ TOYOTA CROWN ယာဉ် တစ်စီး၊ ISUZU D-MAX ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိအိုက်စ် (မက်သ်အဖက်တမင်း)များ၏ ပိုင်ရှင်ဖြစ်သူ စိုင်းမွန်း နေထိုင်သည့် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဟိုခိုကျေးရွာရှိ နေအိမ်ကို နံနက် ၁၀ နာရီခွဲခန့်တွင် ဝင်ရောက်ရှာဖွေရာ စိုင်းမွန်းမှာ တိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဖဒ)




ဖမ်းဆီးရမိသူများကို မော်တော်ယာဉ်များ၊ အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

# ပေါ်တူဂီနိုင်ငံ တာစီရာကျွန်းရှိ အဇိုရက်စ်မီးတောင် ပေါက်ကွဲနိုင်မည့်ပမာဏ တိုးမြှင့်သတ်မှတ်



**လစ္စဘွန်း အောက်တိုဘာ ၇**

ပေါ်တူဂီနိုင်ငံ တာစီရာကျွန်းတွင် တည်ရှိသည့် အဇိုရက်စ်မီးတောင်သည် အောက်တိုဘာ ၆ ရက်မှစတင်၍ မီးတောင်ပေါက်ကွဲနိုင်မည့်ပမာဏ တိုးမြှင့်သတ်မှတ်ကြောင်း Institute for Research in Volcanology and Risk Assessment (IVAR) က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

အဇိုရက်စ်မီးတောင် အနီးတစ်ဝိုက်တွင် စက်တင်ဘာလမှ စတင်၍ အသေးစားမြေငလျင် လှုပ်ခတ်မှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် မြေငလျင်အကြိမ်ရေ များပြားခဲ့ခြင်းကြောင့် မီးတောင်ပေါက်ကွဲတော့မည့် လက္ခဏာများပြသလာခြင်းဖြစ်ပြီး မီးတောင်ပေါက်ကွဲနိုင်သည့် ပမာဏကိုလည်း V2 ပမာဏအဖြစ် တိုးမြှင့်သတ်မှတ်ကြောင်း၊ အဇိုရက်စ်မီးတောင်ပေါက်ကွဲမှုပမာဏဟာ စက်တင်ဘာလ နောက်ဆုံးပတ်က V1 အဆင့်သာ သတ်မှတ်ခဲ့သော်လည်း မီးတောင်ပေါက်ကွဲနိုင်ခြေ မြင့်မားလာကြောင်း တိုင်းတာရရှိခဲ့ခြင်းကြောင့် အောက်တိုဘာ ၆ ရက်မှ စတင်၍ ပမာဏတိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ V2 အဆင့်ကို ကျော်လွန်သွားပါက မီးတောင်အတွင်းမှ မီးတောင်ငွေ့များ စတင်ပေါက်ထွက်လာမည် ဖြစ်သည့်အတွက် IVAR မှ သုတေသီများက မီးတောင် အခြေအနေကို အချိန်ပြည့်စောင့်ကြည့် တိုင်းတာနေကြောင်း သိရသည်။

"အဇိုရက်စ်မီးတောင်အနီးမှာ စက်တင်ဘာလ ကတည်းက အသေးစား မြေငလျင်လှုပ်ခတ်မှုတွေကြောင့် မီးတောင်အတွင်း သက်ဝင်လှုပ်ရှားမှုတွေ ရှိလာပါတယ်။ အောက်တိုဘာ ၆ ရက်က စတင်ပြီးတော့ မီးတောင်ပေါက်ကွဲနိုင်ခြေ ပမာဏ V2 အဆင့်အဖြစ် တိုးမြှင့် သတ်မှတ်လိုက်ပါတယ်" ဟု IVAR မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အိန္ဒိယနိုင်ငံ ဒါဂျီလင်းခရိုင်တွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၈ ဦးထက်မနည်း ရှိနေ

**နယူးဒေလီ အောက်တိုဘာ ၇**

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဒါဂျီလင်းခရိုင်တွင် အောက်တိုဘာ ၆ ရက်မှ စတင်၍ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၈ ဦးထက်မနည်း ရှိနေကြောင်း အနောက်ဘင်္ဂလားပြည်နယ် ရဲတပ်ဖွဲ့က အတည်ပြုထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဒါဂျီလင်းမြို့တွင် ဆိုးရွားသော ရေဘေးအန္တရာယ်ကြောင့် လမ်းပိုင်း ပျက်စီးမှုများပြားနေပြီး တံတားတချို့လည်း ပျက်စီးခဲ့ကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေသဖြင့် ကယ်ဆယ်ရေးဝန်ထမ်းများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကန့်သတ်ချက်ရှိနေကြောင်း၊ ရေကြီးရေလျှံမှုအခြေအနေမှာ စိုးရိမ်ဖွယ်ရာ အနေအထားဖြစ်ပြီး ရေစီးကြောင့် တံတားနှစ်စင်းထိ ပျက်စီးသွားခဲ့ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နရသည့် ခရိုင်များတွင် ဒါဂျီလင်းခရိုင်အပြင် ကာလင်ပေါင်ခရိုင်၊ အလီပါဒူခရိုင်တို့လည်း ပါဝင်နေကြောင်း သိရသည်။

"ရေကြီးရေလျှံမှုဟာ အန္တရာယ်များတဲ့ အခြေအနေ ဖြစ်ပါတယ်။ တံတားနှစ်စင်းတောင်ပျက်စီးခဲ့ပါတယ်။ လမ်းပိုင်းပျက်စီးမှုနှုန်းလဲ မြင့်မားခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေလဲ ပြတ်တောက်နေတယ်။ သေဆုံးသူ ၁၈ ဦးထက်မနည်းရှိနေတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေကလဲ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ကြိုးစားလုပ်ကိုင်ပေးနေပါတယ်" ဟု အနောက်ဘင်္ဂလားပြည်နယ် ဝန်ကြီးချုပ် မာမက်တာက ပြောကြားခဲ့သည်။

ဒါဂျီလင်းခရိုင် ဒါဂျီလင်းမြို့မှာ ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရပြီး ပြည်တွင်း၊ ပြည်ပ ခရီးသည် အမြောက်အမြား သွားရောက်သည့် မြို့ဖြစ်သည့်အတွက် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသူများတွင် နိုင်ငံခြားသား ခရီးသည်များလည်း ပါဝင်နေပြီး ကယ်ဆယ်ရေးဝန်ထမ်းများက အရေးပေါ်အခြေအနေဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက် ပေးနေကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဆလိုဗေးနီးယားနိုင်ငံ အဗာလန့်ချ်ဒေသရှိ တိုစကာရေခဲတောင်တွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် တောင်တက်သမားသုံးဦး သေဆုံး

**ဂျူလ်ဂျားနား အောက်တိုဘာ ၇**

ဆလိုဗေးနီးယားနိုင်ငံ အဗာလန့်ချ်ဒေသရှိ အယ်လ်တောင်တန်းဖြင့် ထိစပ်နေသည့် တိုစကာရေခဲတောင်တွင် နှင်းမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် အောက်တိုဘာ ၆ ရက်က တောင်တက်သမား သုံးဦး သေဆုံးခဲ့ကြောင်းဆလိုဗေးနီးယားနိုင်ငံခြားရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

သေဆုံးသူ ရေခဲတောင်တက်သမား သုံးဦးမှာ ခရိုအေးရှားနိုင်ငံသားများဖြစ်ကြပြီး သေဆုံးသူများ၏ရုပ်အလောင်းများကို ဆလိုဗေးနီးယား ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ကယ်ဆယ်ရေးဝန်ထမ်းများက ရဟတ်ယာဉ်များဖြင့် သွားရောက်ရှာဖွေ ဆယ်ထုတ်ပေးခဲ့ရကြောင်း၊ သေဆုံးသူများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ သံရုံးကို အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအင်အား ၄၅ ဦးပါဝင်သော ကယ်ဆယ်ရေးအဖွဲ့က သေဆုံးသူ ခရိုအေးရှား ရေခဲတောင်တက်သမား သုံးဦး၏ ရုပ်အလောင်းကို ခက်ခက်ခဲခဲ ရှာဖွေခဲ့ရကြောင်း သိရသည်။

"တိုစကာရေခဲတောင်မှာ နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ ရေခဲတောင်မှာ တောင်တက်နေတဲ့ နိုင်ငံခြားသားတွေ ရှိနေတယ်လို့ သိရတဲ့အတွက် ကျွန်တော်တို့အသင်းက ရဟတ်ယာဉ်တွေနဲ့ ချက်ချင်းသွားရောက်ပြီးတော့ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေ ပြုလုပ်ခဲ့ပါတယ်။ နှင်းမုန်တိုင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်တာ အခက်အခဲရှိခဲ့ပါတယ်။ နှင်းမုန်တိုင်းကြောင့် ကယ်ဆယ်ရေး လုပ်ငန်းကိုလဲ အသက်စွန့်ပြီး ဆောင်ရွက်ခဲ့ရပါတယ်"ဟု ပျောက်ဆုံးနေသူ ရုပ်အလောင်းများကို ရှာဖွေရာတွင် အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူ မီဟာအာ့ဟ်က ပြောကြားခဲ့သည်။



Ref : Russia Today
Trs : Sai Sat

# ဆိုလာစီမံကိန်းများ ရပ်ဆိုင်းခဲ့ခြင်းအပေါ် ဆိုလာကုမ္ပဏီများက သမ္မတဒေါ်နယ်ထရန့်ကိုတရားစွဲ

**ဝါရှင်တန် အောက်တိုဘာ ၇**

အမေရိကန်နိုင်ငံ သမ္မတ ဒေါ်နယ်ထရန့်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်များအပေါ် အယုံအကြည်မရှိသည့်အတွက် ၎င်းစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုအားလုံးကို ရပ်ဆိုင်းခဲ့ခြင်းအပေါ် ဥပဒေလမ်းကြောင်းမှ ရင်ဆိုင်သွားရန်အတွက် ဂျော်ဂျီယာပြည်နယ်အခြေစိုက် Sunpath Solar၊ 2KB Energy Services နှင့် Anh Nguyen ကုမ္ပဏီများပူးပေါင်းကာ သမ္မတဒေါ်နယ်ထရန့်အစိုးရအဖွဲ့ကို အောက်တိုဘာ ၆ ရက်က တရားစွဲဆိုခဲ့ကြောင်း ပူးတွဲထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည်ဟုယနေ့သတင်းများတွင်ဖော်ပြထားသည်။

တချို့သော စီမံကိန်းများသည် ယခင်သမ္မတ ဂျိုးဘိုင်ဒင်လက်ထက်က ခွင့်ပြုထားသည့် စီမံကိန်းများဖြစ်ပြီး ၎င်းစီမံကိန်းများတွင် ရပ်ကွက်လောင်စာအစားထိုး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် ဆိုလာစီမံကိန်းများလည်း ပါဝင်နေပြီး လက်ရှိကာလတွင် အဆိုပါစီမံကိန်းများကို ရပ်ဆိုင်းခဲ့ရကြောင်း၊ အဆိုပါ ပူးပေါင်းကုမ္ပဏီများအဖွဲ့က ရိုဒီကျွန်းတွင် အခြေစိုက်သည့် တရားရုံးတွင် သမ္မတဒေါ်နယ်ထရန့် အစိုးရကို တရားစွဲဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်တွေအရ ဆိုလာစီမံကိန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နေကြပါတယ်။ ဒါပေမဲ့လဲ သမ္မတဒေါ်နယ်ထရန့် အစိုးရအဖွဲ့က စီမံကိန်းတွေကို ရပ်ဆိုင်းလိုက်တဲ့အတွက် လုပ်လက်စ စီမံကိန်းတွေကို ရပ်ဆိုင်းလိုက်ရတာဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံချက်ကို ချိုးဖောက်ရာ ရောက်ပါတယ်။ ဒါကြောင့် တရားစွဲဆိုဖို့ ဆုံးဖြတ်လိုက်ကြတာပါ"ဟု Sunpath Solar ၊ 2KB Energy Services နှင့် Anh Nguyen ကုမ္ပဏီတို့၏ ပူးပေါင်းထုတ်ပြန်ချက်တွင် ပါဝင်ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရန့်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစီမံချက်အရ စွမ်းအင်ကဏ္ဍပိုင်းတွင် အမေရိကန်ဒေါ်လာ ၇ ဘီလီယံတန်ဖိုးရှိသည့် စီမံကိန်းများကို ရပ်ဆိုင်းထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# နိုင်ဂျီးရီးယားနိုင်ငံတွင် ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြင့် ရင်ဆိုင်နေရ

**အဘူဂျာ အောက်တိုဘာ ၇**

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ဘက်ပိုင်းတွင် တစ်နှစ်ပတ်လုံး အန္တရာယ်ရှိသည့်ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး အောက်တိုဘာလမှ စတင်၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြင့် ရင်ဆိုင်နေရကြောင်း National Emergency Management Agency (NEMA) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယခုနှစ်အတွင်း နိုင်ဂျီးရီးယားနိုင်ငံ၌ ရေကြီးရေလျှံမှု မကြာခဏဖြစ်ပေါ်ခဲ့ပြီး ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ အများအပြားရှိခဲ့ပြီး လက်ရှိအချိန်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၃၀၀၀၀၀ ထက်မနည်း ရှိနေဆဲဖြစ်ကြောင်း၊ ရေကြီးရေလျှံမှု အခြေအနေ တည်ငြိမ်လာခဲ့ပြီးနောက် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြင့် ရင်ဆိုင်လာရကာ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုကို ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရေးအတွက် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

"အခုနှစ် မိုးရာသီကာလအတွင်းမှာ တခြားနှစ်တွေကထက် ရေဘေးအန္တရာယ်နဲ့ ဆိုးရွားစွာ ရင်ဆိုင်ခဲ့ရပါတယ်။ အထူးသဖြင့် စက်တင်ဘာလ အတွင်းမှာ အန္တရာယ်ရှိတဲ့ ရေဘေးအန္တရာယ်တွေနဲ့ ဆက်တိုက်ရင်ဆိုင်ခဲ့ရတယ်။ ရေဘေးအန္တရာယ်တည်ငြိမ်သွားတော့ အောက်တိုဘာလအတွင်း ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကို ချက်ချင်းကူးပြောင်းသွားခဲ့တယ်။ ရာသီဥတု ဖောက်ပြန်မှုနှုန်းက သိသိသာသာကို မြင့်တက်နေပါတယ်" ဟု National Emergency Management Agency (NEMA) မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

ဝတ္ထုတိုကလျာ

# နှောင်ကြိုးမဲ့အတ္တ

## ခင်ဇော်(သီတာကုန်းပြင်)



(၁)

ကျုပ်လိုဖခင်တစ်ယောက်ရဲ့ဘဝမှာအထူးဆန်းဆုံးနေ့ကို ပြောပါဆိုလျှင် ဒီနေ့လို့ ဆိုရပါမယ်ဗျ။ ကျုပ်တစ်သက်လုံး သားတွေ၊ ချွေးမတွေ၊ မြေးတွေ စုံစုံလင်လင်နဲ့မနေခဲ့ရဘူးတော့ ခုလိုကျုပ်နံဘေးမှာ စုံစုံလင်လင်နဲ့တွေ့ရတော့ ကျုပ်အိပ်မက်များမက်နေသလားလို့တောင် ထင်ရတယ်။ ပြီးတော့ ကျုပ်ကိုလဲ မိဘဆိုတဲ့ဂုဏ်နဲ့ ရှိသေလေးစားနေလိုက်ပုံ များ။ တကယ့်ကို ကျုပ်အံ့သြမှင်သက်ဖြစ်နေရတယ်။

"အဖေ သားတို့အိမ်မှာ အပြီးလိုက်နေပါ။ ခုလို ဘုန်းကြီးကျောင်းမှာနေတော့ အဖေစားချင်တာလဲ မစားရ၊ နေချင်သလိုလဲ ဘယ်နေရမလဲ။ အိမ်မှာက အဖွေ့မြေးတွေလဲရှိတော့ အဖေအဖော်ရတာပေါ့"

"ကျုပ်ခြေထောက်ကိုနှိပ်နယ်ပေးရင်း သားငယ်ဖြစ်သူက သူ့အိမ်တွင်အပြီးလိုက်နေရန် ပြောနေသည်။

"ရပါတယ်လူလေးရယ် ဆရာတော့်ကျောင်းမှာနေရတာ အဖေ့အတွက် အဆင်ပြေပါတယ်။ ဘုန်းကြီးကျောင်းဆိုတာက နေတတ်ရင်ကုသိုလ်တွေလဲ ရပါတယ်ကွယ်။ အဖေက မင်းတို့အလုပ်တွေကို ဘာမှကူလုပ်မပေးနိုင်။ အဖေ့အတွက်နဲ့ မင်းတို့မိသားစုတွေ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေပါ့မယ်"

"သမီးတို့နဲ့ ပြန်လိုက်ခဲ့ပါ အဖေရယ်။ သားသမီးတွေရှိပါလျက်နဲ့ ဘုန်းကြီးကျောင်းမှာ မိဘဖြစ်သူက သွားပြီးနေရတယ်ဆိုတော့ သမီးတို့လဲသိက္ခာကျပါတယ်။ တစ်ချိန်က သမီးတို့ မသိနားမလည်လို့ ပြောခဲ့ဆိုခဲ့မိတာတွေကို ခွင့်လွှတ်ပါနော်အဖေ "

သားများ၊ ချွေးမများက ကျုပ်ရှေ့တွင် သူတို့ကျူးလွန်မိသည့်အမှားများကို လက်အုပ်ကလေး တချီချီဖြင့် တောင်းပန်ကန်တော့ရင်း အိမ်ကိုပြန်လိုက်ရန်တောင်းဆိုနေကြသော်လည်း ကျုပ်ကတော့ ခေါင်းကိုအကြိမ်ကြိမ်ခါယမ်း၍ ငြင်းဆိုနေခဲ့တယ်။ ငြင်းဆိုရတာကလဲ ကျုပ်မှာက အကြောင်းပြချက်က အခိုင်အမာနဲ့လေ။

"တစ်ခါသေဘူး ပျဉ်ဖိုးနားလည်" ဆိုတဲ့စကားလဲ ရှိတာပဲမလား။ ကျုပ်ရှေ့မှာရောက်နေတဲ့ သားတွေ၊ ချွေးမတွေကိုမြင်တိုင်း အတိတ်ကာလက ယုံမှတ်လို့ ပုံအပ်ခဲ့မိတဲ့ကျုပ်အမှားတွေကို ပြန်သတိရမိတယ်။

(၂)

ကျုပ်နဲ့ ဇနီးသည် မအေးရွှေတို့က လယ်ယာကိုအမှီသဟဲပြုပြီး နေထိုင်လာခဲ့ကြတဲ့မိသားစုတွေက ပေါက်ဖွားလာခဲ့ကြသူတွေပါ။ မအေးရွှေနဲ့ ကျုပ်အိမ်ထောင်ကျပြီး ရိုးသားကြိုးစားစွာနဲ့ပဲ မိဘအမွေလယ်လုပ်ငန်းနဲ့ ဆက်လက်အသက်မွေးခဲ့တယ်။ ကျုပ်တို့ဇနီးမောင်နှံ နွားနှင့်အတူရုန်းကန်ပြီး သားနှစ်ယောက်ကို ပညာတတ်တွေဖြစ်အောင် ပြုစုပျိုးထောင်နိုင်ခဲ့တယ်။ သားတွေက အိမ်ထောင်ကျပြီး သူ့အိုးသူ့အိမ်နဲ့နေကြတယ်။ တကယ်တော့ မအေးရွှေက သေသာသေသွားခဲ့ရတာ နှာစေးခေါင်းကိုက်တောင်မဖြစ်ခဲ့ဘူးတဲ့သူ။ မအေးရွှေ ရုတ်တရက်ကြီးဆုံးပါးသွားတော့ ကျုပ်လေ ရူးတော့မတတ်အောင် ခံစားခဲ့ရတယ်။ မအေးရွှေနဲ့ကျုပ် နှစ်ပေါင်းများစွာ အတူနေလာခဲ့တဲ့အိမ်မှာ ကျုပ်တစ်ယောက်ထဲ အထီးကျန်စွာမနေချင်တော့ဘူး။ အိမ်ရဲ့နေရာတိုင်းမှာ မအေးရွှေရဲ့ခြေရာတွေ၊ ပုံရိပ်တွေကလဲ အများကြီးပဲမလား။ ဒီလိုနဲ့ ကျုပ်ဟာ သားနှစ်ယောက်နဲ့တိုင်ပင်ပြီးအိမ်နဲ့ခြံယာကိုရောင်း၊ ရွှေတိုငွေစတွေနဲ့လယ်တွေကို သားနှစ်ယောက်ကို အညီအမျှခွဲဝေပေးပြီး သားကြီးအလိုကျ သားကြီးတို့အိမ်မှာ အတူနေခဲ့တယ်။ အစပိုင်းတော့ နေရစားရအဆင်ပြေတယ်။ မနက်မိုးလင်းတာနဲ့မျက်နှာသစ်ရေအသင့်၊ မနက်စာအသင့်ပေါ့။ နောက်သုံးလလောက်ကြာလာတော့ ချွေးမဖြစ်သူက ကျုပ်ကို မနှစ်မြို့တဲ့အသွင်လက္ခဏာတွေနဲ့ စတင်ပြုမူဆက်ဆံလာတယ်ဗျ။

ဒါနဲ့..."သားငယ်ကို အဖေသတိရလို့အလွမ်းပြေသွားနေပါရစေ"လို့ သားကြီးကို စိတ်ကျေနပ်အောင်ပြောပြီး သားငယ်အိမ်ကို ရောက်ခဲ့ပြန်တယ်။ သားငယ်တို့မိသားစုကလည်း ထိုနည်းလည်းကောင်းပါပဲ။ ကျုပ်အတွက်နဲ့ လင်မယားအချင်းချင်း မကြာခဏ စကားများရန်ဖြစ်ကြတာကို ကျုပ်နားနဲ့ မကြားချင်တဲ့အဆုံးပဲ။ ဒါနဲ့ ကျုပ်နမရဲ့သား တူတော်မောင်ဘုန်းကြီးကျောင်းမှာ ဝေယျာဝစ္စလုပ်ရင်း ခေါင်းချတော့မယ်လို့ စိတ်ပိုင်းဖြတ်ပြီး ဘုန်းကြီးကျောင်းကို ရောက်လာခဲ့တယ်ဆိုပါတော့ဗျာ။

(၃)

"အဖေ အဖေ သားတို့နဲ့အိမ်ပြန်လိုက်မယ်မလား"

သားကြီးက ကျုပ်လက်မောင်းကို လှုပ်ရင်းခေါ်ကာမှ ကျုပ်ရဲ့ စိတ်အသိတရားတွေ အတိတ်ကိုပြေးလွှားနေရာက ပြန်လည်ဝင်ရောက်လာခဲ့တယ်။ ကျုပ်ရှေ့မှာတော့ သားနှင့်ချွေးမများက မျက်လုံးကျွတ်ကျတော့မတတ်မော့ကြည့်ပြီး ကျုပ်ဆီက ထွက်လာမည့်အဖြေစကားကို စောင့်ဆိုင်းနေကြတယ်။ ကျုပ်သက်ပြင်းကို အကြိမ်ကြိမ်းချရင်း စဉ်းစားတယ်။ တစ်ခါက ရှာဖွေစုဆောင်းထားသမျှ ပစ္စည်းတွေအားလုံးကို သားတွေကို ယုံကြည်သမှုနဲ့ပုံအပ်ခဲ့မိလို့ ကျုပ်ဒုက္ခရောက်ခဲ့တယ်။ ယခုအချိန်မှာ ကျုပ်ဘဝနဲ့ကျုပ် ဘုရားရိပ် တရားရိပ် သံဃာအရိပ်ကိုခိုလှုံပြီး အေးချမ်းနေပြီလေ။

"မင်းတို့ကွာ သားနှစ်ယောက်လုံး ရှိပါလျက်နဲ့ အဖေကြီးခမျာ ဘုန်းကြီးကျောင်းမှာနေရတယ်လို့ မင်းတို့မရှက်ကြဘူးလား။ ပြီးတော့ မင်းတို့က စားရမဲ့ သောက်ရမဲ့အခြေအနေတွေလဲ မဟုတ်ပါဘူး။ ကျွေးနိုင်မွေးနိုင်ကျတဲ့အရည်အချင်းတွေရှိလျက်နဲ့"

"တူတော်မောင်ဘုန်းကြီးက ကျုပ်တို့အနားရောက်လာပြီး ညီဝမ်းကွဲများကို ဆုံးမတယ်။ ဘုန်းကြီးစကားကြောင့် သားနဲ့ချွေးမတွေရဲ့မျက်နှာကွက်ခနဲပျက်သွားပြီး ခေါင်းငုံ့ကာနေရတယ်။ နောက်တော့မှ သားကြီးက မဝံ့မရဲဖြင့် လက်အုပ်ကလေးချီကာ တူဘုန်းကြီးကို လျှောက်တင်တယ်"

"တပည့်တော်တို့ညီအစ်ကိုတွေ နောင်တရနေပါပြီ ။ ခုလဲ အဖေ့ကိုတောင်းပန်ပြီး အိမ်ပြန်လိုက်ခဲ့ဖို့ လာခေါ်တာပါဘုရား"

"အေး မင်းတို့စကားအမှန်ဆိုရင်တော့ ငါ့ဒကာကြီးကို မင်းတို့နဲ့ပြန်ထည့်လိုက်မယ်။ အချိန်ကြာတော့မှ ပြုစုတာတွေ မကြားချင်ဘူးနော်"

"ကျုပ်က ဘုရားရိပ်၊ တရားရိပ်၊ သံဃာအရိပ်ကို ခိုလှုံခွင့်ရပြီးအေးချမ်းနေပြီလေ။ အခုတော့ တူဘုန်းကြီး၏မိန့်ကြားစကားကြောင့် ကျုပ်သားသမီးတွေနဲ့ မလိုက်ချင်ဘဲ ပြန်လိုက်သွားရမယ်လို့ နားလည် ခဲ့မိတယ်"

"ကဲ ဒကာကြီး သူတို့လဲ အမြင်မှန်တွေရနေပါပြီ။ ကျောင်းမှာနေတာထက် သားသမီးအိမ်မှာနေတာက ဒကာကြီးအဖို့ပိုအဆင်ပြေတာပေါ့။ သားသမီးတွေလဲ ကုသိုလ်ရတာပေါ့"

"တပည့်တော် ဆရာတော့်ကျောင်းမှာပဲ...."

ကျုပ် ငြင်းဖို့ကြိုးစားပေမဲ့ တူဘုန်းကြီးက လက်ကာပြပြီး ဆက်မိန့်ပြန်တယ်။

"ကဲဒကာကြီး သားတွေ၊ သမီးတွေရဲ့အိမ်ကိုသာ ပြန်လိုက်သွားလိုက်ပါ။ ဒကာကြီး တရားအားထုတ်လိုရင်ပဲဖြစ်ဖြစ်၊ ဆရာတော့်ကို သတိရရင်ပဲဖြစ်ဖြစ် အချိန်မရွေး ကျောင်းကိုလာလို့လဲ ရတာပဲမလား"

ဒီလိုနဲ့ကျုပ်နေရမဲ့အိမ်ကိုရွေးကြတော့ သားအကြီးကလဲ သူ့အိမ်မှာ အပြီးနေဖို့ပြောတယ်။ သားကြီးရဲ့ဆန္ဒကို သားငယ်က လက်မခံ။ သူ့အိမ်မှာလဲ ကျုပ်ကိုကျွေးမွေးပြုစုချင်ကြောင်း ဆိုပြန်တယ်။ နောက်ဆုံးတော့ ကျုပ်ကပဲ ကြားဝင်ပြီး တစ်အိမ်တွင် တစ်လစီနေမည့်အကြောင်း ပြောလိုက်ရတယ်။

(၄)

ဒီတစ်ခါ သားကြီးအိမ်မှာ ကျုပ်နေရတာစိတ်အလွန်ချမ်းသာရတယ်။ မနက်မိုးလင်းသည်နှင့် မျက်နှာသစ်ရေအသင့်၊ မနက်စာအသင့်၊ ချိုးရေသောက်ရေကအစ အကုန်အသင့်ဖြစ်နေစေရန် ချွေးမက စီမံပေးတယ်။ ဘုရားဝတ်ပြုချိန်တောင် ဘေးနားကနေ ချွေးမက ယပ်တောင်ခပ်ပေးနေသည့်အတွက် ကျုပ်ချွေးမကို အားနာနေမိတယ်။ တစ်နေ့ သားကြီးက ကျုပ်ခြေသည်း၊ လက်သည်းတွေကို သန့်စင်ပေးနေရင်း မေးလာတယ်။

"အဖေ့မြေးတွေ ဘုန်းကြီးကျောင်းလာတုန်းက အဖေအဝတ်အိတ်ထဲမှာ ဒင်္ဂါးပြားတွေတွေ့တယ်ပြောတယ်။ အဲဒါ ဟုတ်လားအဖေ"

"မှန်တယ်သားကြီး အရင်ကမရှိဘူး။ အဖေ ရွာတောင်ပိုင်းကို ဆွမ်းချိုင့်သွားပို့တော့ ချောင်းစပ်နားအရောက်မှာ ခွေးတစ်ကောင်က အထုပ်တစ်ခုကို ချီလာပြီး အဖေ့နားရောက်မှ ချထားခဲ့တာ။ အဖေလဲ ဘာပစ္စည်းတွေဖြစ်မလဲ သိချင်စိတ်နဲ့ဖြေပြီးကြည့်တော့ ရွှေရောင်တောက်နေတဲ့ဒင်္ဂါးပြားတွေဖြစ်နေတယ်။ ဆရာတော်ကိုပစ္စည်းတွေအပ်တော့ ဒကာကြီးနဲ့အပ်စပ်လို့ရတာပဲ ဒကာကြီးပဲယူပါလို့ မိန့်လို့ အဖေလဲသိမ်းထားတာ"

ကျုပ်အဖြေစကားဆုံးတော့ သားကြီးက အဝတ်အိတ်ကြီးကို အရောင်တောက်နေတဲ့မျက်လုံးတွေနဲ့ တစ်ချက်စောင်းကြည့်ပြီးမှ ထပ်မေးပြန်တယ်။

"ဘယ်နှပြားလောက်ရှိလဲအဖေ"

"အပြား တစ်ရာ့နှစ်ဆယ်ရှိတယ် သားကြီး"

ကျုပ်တို့သားအဖရဲ့ အပြန်အလှန်ပြောစကားတွေကိုကြားတော့ ချွေးမက ကျုပ်တို့အခန်းထဲဝင်လာပြီးပြောတယ်။

"ရွှေဒင်္ဂါးတွေဆိုရင် အတော်တန်ဖိုးကြီးမှာပဲနော် အဖေ"

"တန်ဖိုးကြီးလေ သမီးတို့အကျိုးရှိလေပေါ့ သမီးရယ်။ အဖေက မနက်ဖြန်၊ သန်ဘက်ခါပဲ သေတော့မဲ့အရွယ်လေ။ မသေခင် ဝမ်းဝရုံလေးစားရရင် အဖေ့အတွက်က လုံလောက်ပါပြီ။ အဖေ့အတွက်က ဘာမှမလိုအပ်တော့ပါဘူး။ သမီးတို့ညီအစ်ကိုမောင်နှမတွေသာ ခွဲဝေယူကြပေါ့ကွယ်။ ဒီပစ္စည်းတွေကို သားကြီးပဲသိမ်းထားပါ။ ပြီးတော့ညီလေးနဲ့အညီအမျှခွဲယူပေါ့"

သားကြီးက ကျုပ်လက်ကို မလွှတ်တမ်းဆုပ်ကိုင်ထားတယ်။ သားကြီးအိမ်မှာ တစ်လပြည့်တော့ သားငယ်အိမ်ကို ကျုပ်ပြောင်းရွှေ့ရ ပြန်တယ်။ သားငယ်အိမ်မှာနေရတာလဲ သားကြီးအိမ် နည်းတူပင်။ ကျုပ်ရဲ့နေရေး၊ စားရေးအတွက် ဘာမှပြောစရာမရှိအောင် ပြုစုပေးကြတယ်။ ကျုပ်ဘဝအတွက် နေရေးနဲ့ စားရေးအတွက် စိတ်ချမ်းသာရသော်လည်း မရဏအရေးက ကျုပ်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့တယ်။ သားငယ်အိမ်ကို ရောက်စဉ်ကတည်းက ကျုပ်ရင်ဘတ်တွေတင်းကျပ်နေပြီး အသက်ရှူလို့မဝဘူး။ ခန္ဓာကိုယ်တစ်ခုလုံး ထုံထိုင်းနေပြီး ခြေတွေ၊ လက်တွေလဲလှုပ်ရှားလို့မရချင်တော့ဘူး။ သားတွေ၊ ချွေးမတွေက ဆေးရုံဆေးခန်းတွေမှာပြပြီး ကုသပေးကြပေမဲ့ ကျုပ်ဝေဒနာက တဖြည်းဖြည်း တိုး၍သာလာတယ်။ နောက်ဆုံးတွင် ဦးမြဟန်သည် သားငယ်၏အိမ်မှာပင် ဆုံးပါးသွားခဲ့သည်။

( ၅ )

ဦးမြဟန်၏ နာရေးရက်လည်ဆွမ်းသွတ်တရားချီးမြှင့်ရာ၌ ရွာဦးကျောင်းဆရာတော်က ဦးမြဟန်၏ သားသမီးများသည် မိဘအပေါ် အလွန်တာဝန်ကျေသည့်သားသမီးများဖြစ်ကြောင်းနှင့် သူတို့ကို အတုယူနေထိုင်ကြရန် ရွာသူ၊ ရွာသားများကို ပြောဆိုဆုံးမသွားတယ်။ ပစ္စည်းများသိမ်းဆည်းပြီး၍ ပရိသတ်များစဲသွားသောအချိန်၌ အစ်ကိုကြီးက ဒင်္ဂါးပြားအထုပ်ကိုယူလာပြီး ခွဲဝေယူကြဖို့ ညီကိုပြောတယ်။

စာမျက်နှာ ၂၅ သို့ á

# မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၂၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၂၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၄၇၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဝါဧက ၄၇၈၉၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါစိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဝါကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၃၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက မတ်ပဲများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို စက်တင်ဘာလထဲမှာ မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်မတ်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်ကလဲ ဝယ်ယူမှု များပြားလာပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကို အများဆုံး တင်ပို့ရောင်းချတာဖြစ်ပါတယ်။ လတ်တလော အရောင်းအဝယ်ဖြစ်နေတဲ့ပဲတွေက နွေလက်ကျန်ပဲတွေပါ"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မတ်ပဲများတင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ချစ်ပန်းလှိုင် ဖြူစင်နှလုံးနဲ့

\- ကောင်းစိတ်ယှဉ် ကောင်းစိတ်ပျိုးရင်း
အများအကျိုး ရွက်ဆောင်သယ်၊
ရောင်ပြန်ထင် အကျိုးသက်ရောက်လို့
စွမ်းမြောက်နိုင်မယ်၊
ကိုယ်လျှောက်လှမ်း ဘဝနယ်ပယ်
ကြောင်းကျိုးသွယ် ခွင့်လမ်းများ၊
အကြောင်းမှန်သော်
ကောင်းကံပေါ် အကျိုးမျှလို့
ပြည့်ဝခံစား။

\- မေတ္တာမှန် စိတ်ရင်းနဲ့
လူလူချင်း ရိုင်းပင်းစေ၊
ရပ်တည်ရာ ကိုယ့်သမိုင်း
မရိုင်းအောင်နေ၊
ကိုယ့်တန်ဖိုး မြှင့်ကာလေ
ဝတ်ညီထွေ ကျင့်ကြံထိန်း၊
ကြံသမျှဝယ်
သံသယဖယ် မားမားရပ်
နေတတ်ဖို့ကိန်း။

\- ဘဝတာ ခဏလေးမို့
ချင့်မှတ်တွေး သတိနဲ့ယှဉ်၊
နေခွင့်ကြုံ လူပီသရင်း
အမြတ်ရအောင်ပြင်၊
လောကဓမ္မ ညီအောင်လျှင်
လမ်းကောင်းထွင် ရှေးရှုမှန်း၊
အနှစ်လျှမ်းကြိုင်
ချစ်ပန်းလှိုင် ဖြူစင်နှလုံးနဲ့
ကျင့်ထုံးညီ ကိုယ်စီကျင့်လို့
ကမ်းလက်ယှဉ် လှပေါင်းဆင့်
ဖွဲ့မြှင့်ချီလှမ်း။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

á စာမျက်နှာ ၂၄ မှအဆက်

"ညီလေးကတော့ မခွဲချင်ဘူးအစ်ကိုကြီး။ ဒီပစ္စည်းတွေကို ရတဲ့ဈေးနဲ့ရောင်းပြီး ပိုက်ဆံကြမှ အချိုးကျခွဲယူချင်တယ်"

"ဒီအကြံလဲ ကောင်းသားပဲ။ ဒါနဲ့ ဒီပစ္စည်းတွေကိုရောင်းဖို့က..."

အစ်ကိုကြီးရဲ့စကားကိုကြားတော့ ညီဖြစ်သူက-

"အစ်ကိုကြီး ကျွန်တော့်ကိုဒီပစ္စည်းတွေအကြောင်း ပြောကတည်းက ရောင်းထုတ်ဖို့ ပွဲစားနဲ့ချိန်းပြီးသား။ ဒါပေမဲ့ ဖြုန်းစားကြီး အဖေက ဆုံးသွားတော့ နာရေးပြီးအောင်စောင့်ဖို့ တစ်ဖက်ကိုအကြောင်းပြန်လိုက်ရတယ်။ ဟော ဟိုမှာ ပြောရင်းဆိုရင်း ပွဲစားတွေရောက်လာပြီ"

ပွဲစားဆိုသူ လူနှစ်ယောက်က ဆိုင်ကယ်ကို စက်သတ်လိုက်ပြီး အိမ်ပေါ်ကို တက်လာတယ်။ ထို့နောက် ခပ်ဝဝပွဲစားကြီးက ဒင်္ဂါးများကို ညီအစ်ကိုနှစ်ယောက်ထံမှတောင်းပြီး သူ့တပည့်ပွဲစားကို စစ်ဆေးကြည့်ရန်ပေးလိုက်တယ်။ ခပ်ဝဝပွဲစားကြီးက ညီအစ်ကိုနှစ်ယောက်ဘက်ကို လှည့်ပြီးမေးတယ်။

"ပစ္စည်းတွေက အရောင်တွေဝင်းနေတာပဲ။ အရေအတွက် ဘယ်လောက်ရှိလဲဗျ"

"၁၂၀ ပါ ဦးလေး"

"ဟာ ခင်ဗျားတို့ ထီပေါက်တာထက် ကံကောင်းသေးတယ်ဗျ။ တစ်ပြားကို ၅၀၀၀၀ ပဲထား။ အပြား ၁၂၀ ဆိုရင် သိန်း ၆၀ လောက်ရမှာ"

ခပ်ဝဝပွဲစားကြီးစကားကြောင့် ညီအစ်ကိုနှစ်ယောက်နှင့် ဇနီးမိန်းမများ၏မျက်နှာများ ပြုံးပျော်ရွှင်မြူးနေကြ၏။ ပွဲစားကြီးကဆက်လက်၍-

"ဒါနဲ့ ခင်ဗျားတို့ကို ကျွန်တော်တစ်ခုကြိုတင်ပြီးပြောချင်တယ်။ ကျွန်တော်နဲ့ပစ္စည်းအရောင်းအဝယ်တည့်ခဲ့ရင် ကျွန်တော့်မှာငွေအလုံအလောက်မပါခဲ့ဘူး။ ၁၀ သိန်းပဲပါတယ်။ ဒီငွေကို စရံအဖြစ်ပေးခဲ့မယ်။ နောက်နှစ်ရက်လောက်ကြာမှ ပစ္စည်းလာယူရင်း ငွေအကျေချေမယ်။ ဘယ်နဲ့လဲ အဆင်ပြေမယ်မလား"

"ပြေတာပေါ့ရှင်။ ပွဲစားကြီးကို ကျွန်မတို့က ယုံကြည်ပါတယ်"

ပွဲစားကြီးက ဒင်္ဂါးပြားများကို တစ်ပြားချင်းသေချာကြည့်နေရာမှ သူ့ဘေးလွယ်အိတ်ထဲက သံဖြတ်လွှတစ်ခုကိုယူ၍ ပွတ်တိုက်ကြည့်ပြန်တယ်။ အားလုံး၏အကြည့်များက ပွဲစားကြီးဆီကိုစုပုံရောက်ရှိနေတယ်။

"ခင်ဗျားတို့ ပစ္စည်းတွေက ရွှေဒင်္ဂါးမဟုတ်ဘူးဗျ။ ကြေးတွေကို ရွှေရည်လောင်းထားတာ။ ရှေးတုန်းကလူတွေ သူခိုးဓားမြတွေကို လှည့်စားဖို့လုပ်ထားတဲ့ ပရိယာယ်တွေပေါ့ဗျာ။ သိပ်ကို ချီးကျူးစရာကောင်းပါတယ်"

ပွဲစားကြီးစကားကြောင့် ညီအစ်ကိုနှစ်ယောက်နှင့် မိန်းမများ ထိတ်ထိတ်ပျာပျာဖြစ်သွားတယ်။

"ဟုတ်ပါ့မလားဗျာ သေချာကြည့်ပါအုံး။ ရွှေရောင်တွေ ဒီလောက်ဝင်းနေတာ"

"ကျွန်တော်တို့က ဒီအလုပ်ကို လုပ်စားနေတာ နှစ် ၂၀ ရှိပြီ။ ခင်ဗျားတို့ကို လိမ်ပြောပါ့မလားဗျာ။ မယုံရင်လဲ တခြားသူကို ပြကြည့်ပေါ့ဗျာ"

ပွဲစားကြီးက ခပ်မာမာအသံဖြင့်ပြောရင်း သူ့တပည့်ကိုခေါ်ပြီး အိမ်အောက်ကို ဆင်းသွားတယ်။

"ရှင့်အဖေကို သူတော်ကောင်းကြီးအမှတ်နဲ့ အိမ်ဦးခန်းမှာထားပြီး ကိုးကွယ်လိုက်ရတာ ခုတော့ကောင်းကြသေးရဲ့လား တကယ့်လူညာကြီး"

"ဟုတ်တယ် ရှင်တို့အဖေ တကယ့်လူလိမ်ပဲ"

အစ်ကိုဖြစ်သူ၏မိန်းမနှင့် ညီ၏မိန်းမတို့က ထိုင်နေရာကထပြီး အော်ကြီးဟစ်ကျယ်ပြောတယ်။ အစ်ကိုဖြစ်သူက အဖေကို ပြစ်တင်စော်ကားပြောဆိုသည့် ဇနီးနှင့်မရီး၏ပြောစကားကိုကြားတော့ အလွန်ဒေါသထွက်သွားတယ်။

"နင်တို့စကားပြောတာ ကြည့်ပြောကြ။ တမလွန်ရောက်နေတဲ့ ငါ့အဖေကို မစော်ကားနဲ့။ အစကတည်းက အဖေက ပစ္စည်းတွေကိုအစစ်ပါလို့ပြောခဲ့ဘူးလို့လား။ ပစ္စည်းတွေကို အိမ်ရောက်ရောက်ချင်း ငါတို့ကို အကုန်ပေးခဲ့တာပဲမလား။ သူ့မှာအကြံရှိခဲ့ရင် တို့လက်ထဲအပ်ပါ့မလား။ ပြီးတော့ ဘုန်းကြီးကျောင်းမှာရောက်နေတဲ့အဖေ့ကို နင်တို့ပဲ ပစ္စည်းတွေကို လိုချင်လောဘနဲ့ သွားခေါ်ခိုင်းခဲ့တာလေ။ အဖေက မလိုက်ချင်ဘဲ လိုက်လာခဲ့ရတာ"

အစ်ကိုဖြစ်သူက ဒေါသတကြီးဖြင့် ပြန်လည်ပြောဆိုသော်လည်း သူ့ဇနီးနှင့်မရီးဖြစ်သူမှာ သူ့စကားကိုဂရုမစိုက်။ အခဲမကျေသည့်အမူအယာဖြင့် မျက်နှာကိုမောင်းတင်ထားကြတယ်။ အဲဒီအချိန် ညီဖြစ်သူက ပြောပြန်တယ်။

"ဒါပေမဲ့အစ်ကိုကြီးရယ် ဒင်္ဂါးပြားတွေရောင်းရင် ငွေတွေအများကြီးရမယ်ဆိုတဲ့အတွေးနဲ့ ညီတို့မှာအဖေ့အတွက်သုံးလိုက်ရတဲ့ ဆေးဖိုး၊ နာရေးမှာကုန်လိုက်ရတဲ့ ကျွေးမွေးစရိတ်တွေအများကြီးပဲ။ အဖေ့ကြောင့် ညီတို့ ဘဝပျက်ပြီထင်ပါရဲ့"

"မင်းမလို့ ကိုယ့်မိဘအပေါ် ဒီစကားပြောရက်တယ်ကွာ။ ကိုယ့်မိဘ ကိုယ်ပြုစုစောင့်ရှောက်ရမှာက မင်းတာဝန်ပဲလေ"

"တာဝန်တွေ၊ ကျင့်ဝတ်တွေ ကျွန်တော့်ကိုလာပြီးမပြောနဲ့ အစ်ကိုကြီး ကျွန်တော်နားမလည်ဘူး။ ကျွန်တော်သိတာက အဖေဟာ သူတော်ကောင်းမဟုတ်ဘူး။ ကျွန်တော်တို့ကို လှည့်စားခဲ့တယ်ဆိုတာပဲ"

"ဟာကွာ မင်းတော့ပြောလေဆိုးလေပါပဲလား။ ကဲကွာ ကိုယ့်မိဘကို ပြောချင်အုံး။ ဘုန်း ဘုန်း ဘုန်း"

"လာကြပါအုံးရှင်၊ ကယ်ကြပါအုံး"

အဖေကိုစော်ကားပြောဆိုသည့်ညီကို အစ်ကိုဖြစ်သူက လက်သီးဖြင့် သုံးလေးချက်ဆင့်ကာထိုးလိုက်သည့်အတွက်ကြောင့် အမျိုးသမီးများ၏ အော်သံ အကူအညီတောင်းသံများဖြင့် နာရေးအိမ်သည့် ချက်ချင်းဆူညံသွား၊ စည်ကားသွားရသည်။ ဦးမြဟန်ချန်ခဲ့သည့် ဒင်္ဂါးပြားများကတော့ အရောင်တဝင်းဝင်းရှိဆဲပင်။

# အထူးသတိမူသင့်သော ကာလစည်းကမ်းသတ်အက်ဥပဒေ

စိန်လှိုင်ဗိုလ်

တရားမမှုများတွင် ကာလစည်းကမ်းသတ်အက်ဥပဒေသည် အလွန်အရေးကြီးပါသည်။ မိမိကိုသက်ဆိုင်ရာက မြေငှားဂရန်ထုတ်ပေးရရှိခဲ့ပြီးဖြစ်သောမြေတွင် လူတစ်ဦးသည် မိမိဂရန်မရရှိမီကပင် ထိုမြေပေါ်၌ ဝင်ရောက်နေသူရှိခဲ့သည်။ မြေဂရန်ရရှိသူက ထိုမြေပေါ်တွင် ရောက်ရှိနေသူကို ကျူးကျော်ဝင်ရောက် ဆောက်လုပ်ထားသော နေအိမ်နှင့်တကွဖျက်သိမ်းဖယ်ရှား၍ ကျူးကျော်ရယူထားသည့် မြေအစိတ်အပိုင်းကို လက်ရောက်ရလိုမှု စွဲဆိုခဲ့ပါသော်လည်း **ကာလစည်းကမ်းသတ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်အရ အမှုရှုံးနိမ့်ခဲ့သော ဖြစ်ရပ်**အပေါ် လမ်းညွှန်စီရင်ထုံးတစ်ခုကို ကိုးကား၍ရေးသားတင်ပြပါဦးမည်။

မန္တလေးခရိုင်တရားရုံး ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၅ တွင် ဦးတော်မြိ်န် (ခ) ဦးကျော်နိုင်က ဦးကျော်သီဟ (၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်ခင်နွဲ့နွဲ့မူ) အပေါ် ကျူးကျော်ဝင်ရောက်ဆောက်လုပ်ထားသောနေအိမ်ကို ဖျက်သိမ်းဖယ်ရှား၍ မြေအစိတ်အပိုင်းကို လက်ရောက်ရလိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သည်။ တရားရှုံးက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံဝင်သော်လည်း အောင်မြင်မှုမရရှိခဲ့ပါ။ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၅၇၉ ဖြင့် ဆက်လက်အယူခံဝင်ရာ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးတော်မြိ်န်စွဲဆိုသောအမှုကို ပလပ်ခဲ့ပါသည်။ ဦးတော်မြိ်န်က အဆိုပါစီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ခွင့်လျှောက်ထားခဲ့ရာ ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေ လျှောက်ထားလွှာ (အထူး) အမှတ်-၃၁၇ ဖြင့် အောက်ပါအရေးယူလောက်သောပြဿနာအပေါ် ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ပါသည်။

"အချင်းဖြစ်မြေကွက် စတင်ချထားပေးသည့် ၁၉၉၉ ခုနှစ် ဩဂုတ် ၃၀ ရက်မှစ၍ ကာလစည်းကမ်းသတ်ရေတွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကသုံးသပ်၍ ဦးတော်မြိ်န်စွဲဆိုသည့်အမှုကို ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှု ရှိ၊ မရှိ"ဟူသော ပြဿနာကို အထူးအယူခံခုံရုံးက ကြားနာခဲ့ခြင်းဖြစ်ပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

အဆိုလွှာတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ မြေကွက်အမှတ် (အေ-၁၁) ကန်ကောက်ရပ်၊ ဦးပိုင်အမှတ် (၁)၊ ဧရိယာ(၂ ဒသမ ၇၂၇၃)ကေရှိ မြေကွက်ကို မြို့ကွက်သစ် ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့က ၁၉၉၉ ခုနှစ် ဩဂုတ် ၃၀ ရက်စွဲပါစာဖြင့် ဦးတော်မြိ်န်၊ ဦးသန်းဝင်းနှင့် ဦးသန်းလှိုင်တို့ သုံးဦးပူးတွဲ၍ မြေနေရာချထားပေးခဲ့သည်။ ၂၀၂၄ ခုနှစ် ဇွန် ၂၄ ရက်တွင် မြေကွက်ဖိုး အပြည့်ပေးသွင်းပြီးနောက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက သုံးဦးအမည်ပေါက် မြေငှားဂရန်စာချုပ်ကို ၂၀၁၁ ခုနှစ် ဇွန် ၁၀ ရက်တွင် ထုတ်ပေးခဲ့သည်။ ထို့နောက် ဦးသန်းဝင်းနှင့် ဦးသန်းလှိုင်တို့က မှတ်ပုံတင်စွန့်လွှတ်စာချုပ်ဖြင့် ဦးတော်မြိ်န်သို့ အချင်းဖြစ်မြေကို လွှဲပြောင်းပေးအပ်ခဲ့သည်။ သို့ဖြစ်၍ ဦးတော်မြိ်န်က အမည်ပေါက် ပိုင်ဆိုင်လျက်ရှိကြောင်း မြေကွက်၏ မြောက်ဘက်ခြမ်း၌ တရားပြိုင် ဦးကျော်သီဟသည် မြေအစိတ်အပိုင်းကို ကျူးကျော်ရယူ အဆောက်အအုံဆောက်လုပ်နေထိုင်လျက်ရှိသဖြင့် အဆောက်အအုံများကို ဖျက်သိမ်းဖယ်ရှားထွက်ခွာပေးရန် တောင်းဆိုရာ ငြင်းဆန်သဖြင့် ထိုသို့ငြင်းဆိုသည့် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှစ၍ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်သည်ဟု အဆိုပြုစွဲဆိုခဲ့သောအမှုဖြစ်သည်။

တရားပြိုင်၏ချေလွှာတွင် တရားလိုကို မြေနေရာချထားပေးခြင်းမရှိမီကပင် အစဉ်တစိုက်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း **အမှုစွဲဆိုသည်မှာ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးဖြစ်ကြောင်း** ချေပခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ဂရန်ရရှိသူကို ဆန့်ကျင်လက်ရှိထားနေထိုင်သူဖြစ်ကြောင်း၊ တရားလိုက ၂၀၁၁ ခုနှစ်တွင် ဂရန်ရရှိခြင်းဖြစ်၍ မူလမှုကို ၂၀၁၄ ခုနှစ်၌ စွဲဆိုသည်မှာ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ မြေကွက်ဖိုးငွေပေးသွင်းသည့် ၂၀၀၄ ခုနှစ် ဇွန် ၂၄ ရက်မှစ၍ ကာလစည်းကမ်းသတ်စတင်ရေတွက်မည်ဆိုပါက အမှုစွဲဆိုသည်မှာ ကာလစည်းကမ်းသတ်မကျော်လွန်ကြောင်း သုံးသပ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မြေကွက်ချထားပေးသည့် သက်သေခံ(က)စာအရ တရားလိုပါသုံးဦးတို့သည် ၁၉၉၉ ခုနှစ် ဩဂုတ် ၃၀ ရက်မှစ၍ ချထားပေးသည့် မြေကွက်ကို ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ အဆိုပါ စာထုတ်ပြန်သည့် ၁၉၉၉ ခုနှစ် ဩဂုတ် ၃၀ ရက်မှစ၍ တရားလိုပါသုံးဦးက ငွေပေးသွင်းခွင့် ရရှိပြီးဖြစ်၍ မြေကွက်ချထားပေးသည့်နေ့မှစ၍ **ကာလစည်းကမ်းသတ်စတင်ရေတွက်ရမည်ဖြစ်ကြောင်း၊ တရားစွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း** သုံးသပ်၍ တရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့ခြင်းဖြစ်ပါသည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားလိုလက်ရောက်မရခဲ့သော ကျူးကျော်မြေအစိတ်အပိုင်းကို လက်ရောက်ရလိုမှုဖြစ်၍ တရားလို၏စွဲဆိုမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ်-၁၄၄ နှင့် သက်ဆိုင်သောအမှုဖြစ်ကြောင်း၊ သို့ဖြစ်ရာ တရားပြိုင်လက်ရှိဖြစ်ခြင်းသည် **တရားလို၏ အကျိုးဆန့်ကျင်သည့်အချိန်မှစ၍ ၁၂ နှစ်အတွင်း စွဲဆိုရမည်ဖြစ်ကြောင်း အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့ပါသည်။**

လွှတ်လပ်သောသက်သေဖြစ်သည့် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာန ချမ်းအေးသာစံမြို့နယ်၊ မြေတိုင်း(၃)၊ ဦးသန့်ဇင် (လိုပြ-၂)ကို ပြန်လှန်မေးရာတွင်-

"မြို့ကွက်သစ်ဖော်ထုတ်သော ၁၉၉၉ ခုနှစ်မှ တရားလိုပါသုံးဦးတို့ကို ဂရန်ချထားပေးသည့် ၂၀၁၁-၂၀၁၂ ကြားကာလတွင် အချင်းဖြစ်မြေသည် အစိုးရစီမံခန့်ခွဲခွင့်ရှိသည့် အချိန်ဖြစ်သည်ဆိုလျှင် မှန်ပါသည်။ တရားပြိုင်တို့သည် အချင်းဖြစ်မြေကွက်တွင် **မြို့ကွက်သစ်မဖော်ထုတ်မီ ၁၉၉၃ ခုနှစ်ခန့်ကတည်းက နေထိုင်လာခဲ့သည်ကို သိသလားဆိုက မှန်ပါသည်။** ဦးတော်မြိ်န်တို့ကို ဂရန်မထုတ်ပေးမီကာလ တိုင် ကျွန်တော်တို့ စည်ပင်သာယာကဖြစ်စေ၊ အခြားအစိုးရအဖွဲ့အစည်းကဖြစ်စေ၊ ထိုမြေကွက်မှ ဖယ်ရှားထွက်ခွာသွားရန် အကြောင်းကြားခြင်း၊ တရားစွဲဆိုနှင်ထုတ်ခြင်းများ မရှိခဲ့ဆိုလျှင် မှန်ပါသည်ဟု ထွက်ဆိုခဲ့သည်။

**ရုံးမေးထွက်ဆိုချက်တွင်**

"မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့က မြေကွက်များ ဖော်ထုတ်သည့်အချိန်တွင် ရုံးရှေ့တရားပြိုင်များသည် ယခု၎င်းတို့နေထိုင်ရာ အိမ်အသီးသီးတွင် နေအိမ်အဆောက်အအုံများဆောက်လုပ်၍ နေထိုင်ကြပြီးဖြစ်ပါသည်။ ကျွန်တော်တို့ဌာနမှ ဦးတော်မြိ်န်တို့ကို မြေငှားဂရန်ထုတ်ပေးသည့် အချိန်ကလည်း တရားပြိုင်များသည် ၎င်းတို့နေထိုင်ရာ မြေနှင့်အိမ်ပေါ်တွင် နေထိုင်လျက်ရှိကြပါသည်"ဟု ထွက်ဆိုခဲ့ပါသည်။



သို့ဖြစ်၍ တရားပြိုင်သည် မြို့မြေကွက်အသစ်ဖော်ထုတ်၍ တရားလိုတို့ကို မြေကွက် ချထားချိန်တွင် အချင်းဖြစ်မြေအစိတ်အပိုင်း၌ အထင်အရှား ကျူးကျော်နေထိုင်လျက်ရှိပြီးဖြစ်ကြောင်း ပေါ်ပေါက်သည်။ ထိုစဉ်ကာလက တရားပြိုင်နေထိုင်သောမြေမှာ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော အစိုးရပိုင်မြေဖြစ်ကြောင်း အထူးအယူခံခုံရုံးက စိစစ်ဖော်ထုတ်သုံးသပ်ခဲ့ပါသည်။

နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော မြေတွင် သူတစ်ပါးပိုင်မြေကို မိမိပိုင်မြေဖြစ်သည်ဟု မှားယွင်းယူဆလျက်ဖြစ်စေ၊ မပိုင်မှန်းသိလျက်နှင့် တမင်ကျူးကျော်လိုသောဆန္ဒနှင့်ဖြစ်စေ၊ မိမိပိုင်မြေအဖြစ်လက်ရှိအသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်ကိုဆန့်ကျင်လျက် ဆန့်ကျင်ဘက်လက်ရှိဖြစ်ခဲ့သည်ဟု ယူဆရမည်ဖြစ်ကြောင်း **မရှမ်းမနှင့် ဆိုမာဆွန်ဒရမ်ချစ်တီးအမှုအတွဲ(၁) ရန်ကုန်စာ-၄၉၂** စီရင်ထုံးကို ရည်ညွှန်းခဲ့ပါသည်။

ကျူးကျော်သူကို ဖယ်ရှားပေးရန်အတွက် တရားစွဲဆိုခွင့်သည် ထပ်တလဲလဲ ပေါ်ပေါက်သော အခွင့်အရေးမဟုတ်ပေ။ ကျူးကျော်သည့်နေ့တွင် စတင်ပေါ်ပေါက်သဖြင့် စည်းကမ်းသတ်ကာလကို ထိုနေ့မှစတင်ရေတွက်ရမည်ဖြစ်သည်ဟု **ဦးအောင်မျင်ဒေါ်ထွေးနှင့် ဒေါ်သင်းလှိုင် ၁၉၉၀ ပြည့်နှစ် မတစ ၁၅၂ အမှု**ကို အထူးအယူခံခုံရုံးက ထပ်မံရည်ညွှန်းခဲ့ပါသည်။

တရားလိုကို မြေကွက်ချထားပေးခြင်းမတိုင်မီကတည်းက တရားပြိုင်သည် အချင်းဖြစ်မြေပေါ်တွင် ပွင့်ပွင့်လင်းလင်းဆန့်ကျင်လက်ရှိထား နေထိုင်ခဲ့သဖြင့် ထိုအချိန်မှစ၍ မြေရှင်ဖြစ်သူသည် တရားပြိုင်ကို အချင်းဖြစ်မြေပေါ်မှ ဖယ်ရှားထွက်ခွာသွားရန် တရားစွဲဆိုခွင့်ရရှိပြီးဖြစ်သည်။ သို့သော် အစိုးရက မြေကွက်ဖော်ထုတ်စဉ်ကပင် တရားပြိုင်ကို နှင်ထုတ်ဖယ်ရှားခြင်း၊ အရေးယူဆောင်ရွက်ခြင်း တစ်စုံတစ်ရာမရှိခဲ့ကြောင်း အထူးအယူခံခုံရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

**ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ-၂(၈) တွင် တရားလိုဆိုသည်မှာ တရားစွဲဆိုနိုင်သော အခွင့်အရေးကို တရားလိုကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်ဆင့်သော်လည်းကောင်း သက်ဆင်းစေသောသူပါဝင်သည်ဟု ပြဋ္ဌာန်းထားသည်။** သို့ဖြစ်၍ တရားလိုကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ တရားစွဲဆိုသည်ကိုသာ ဆိုလိုသည်မဟုတ်ကြောင်း တရားစွဲဆိုနိုင်သောအခွင့်အရေးကို တရားလိုကို တိုက်ရိုက်သက်ဆင်းစေသူလည်း ပါဝင်သည်ဖြစ်ရာ ဂရန်ပေးသူအစိုးရသည် တရားပြိုင်ကိုနှင်လိုမှု စွဲဆိုခွင့်ရရှိသူဖြစ်၍ အဆိုပါတရားစွဲဆိုခွင့်ကို တရားလိုထံသက်ဆင်းစေသောကြောင့် **စည်းကမ်းသတ်ကာလကို အစိုးရမြေပေါ် ကျူးကျော်သည့်နေ့ကစ၍ ရေတွက်ရမည်ဖြစ်ကြောင်း** စိစစ်ဖော်ထုတ်ခဲ့ပါသည်။

သို့ဖြစ်ရာ ယခုတရားလိုက မူလတရားမကြီးမှုကို ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်တွင် စွဲဆိုခြင်းသည် အချင်းဖြစ်မြေတွင် တရားပြိုင်က စတင်ကျူးကျော်ဝင်ရောက်နေထိုင်သည့်အချိန်မှ စတင်ရေတွက်ပါက ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ်-၁၄၄ အရ သတ်မှတ်စည်းကမ်းကာလ ၁၂ နှစ် ကျော်လွန်ပြီးဖြစ်သည်ဟု အထူးအယူခံခုံရုံးက စိစစ်ဖော်ထုတ်ခဲ့ပါသည်။

တရားလိုသည် မြေငှားဂရန်ရရှိသူဖြစ်ပြီး ၎င်းဂရန်မရရှိမီကပင် အဆိုပါမြေအစိတ်အပိုင်း၌ **ဆန့်ကျင်လက်ရှိဖြစ်သူ တရားပြိုင်အပေါ် မြေလက်ရောက်ရလိုကြောင်းစွဲဆိုမှုတွင် ကာလစည်းကမ်းသတ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် မလိုအပ်ဟု မှတ်ယူနိုင်မည်မဟုတ်ကြောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေတွင် မြေဂရန်ရရှိသူတရားလိုက အဆိုပါမြေကို လက်ရောက်ရလိုမှုစွဲဆိုလျှင် မြေငှားဂရန်ရရှိသည့်နေ့မှစ၍ စွဲဆိုခွင့်ရှိသည်ဟု ချွင်းချက်ပြု ပြဋ္ဌာန်းထားမှုမရှိကြောင်း** ထပ်မံစိစစ်ဖော်ထုတ်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မြေကွက်ချထားပေးသည့် ၁၉၉၉ ခုနှစ် ဩဂုတ် ၃၀ ရက်မှစ၍ တရားလိုပါသုံးဦးက ငွေပေးသွင်းခွင့်ရရှိပြီးဖြစ်၍ ထို၁၉၉၉ ခုနှစ် ဩဂုတ် ၃၀ ရက်မှစ၍ ကာလစည်းကမ်းသတ်ရေတွက်ရမည်ဟု သုံးသပ်ခြင်းသည် မှန်ကန်မှုမရှိသော်လည်း ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း ဆုံးဖြတ်ချက်မှာမူ မှန်ကန်ကြောင်း၊ သို့ဖြစ်၍ မူလရုံးတရားလိုကိုစွဲဆိုသည့်အမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်အညီပင်ဖြစ်ကြောင်း အထူးအယူခံခုံရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

**အထက်ပါအကြောင်းများအရ ကြားနာခဲ့သည့်ပြဿနာကို**

"အချင်းဖြစ်မြေကွက် စတင်ချထားပေးသည့် ၁၉၉၉ ခုနှစ် ဩဂုတ် ၃၀ ရက်မှစ၍ ကာလစည်းကမ်းသတ်ရေတွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သုံးသပ်ခြင်းသည် မှန်ကန်မှုမရှိသော်လည်း ကာလစည်းကမ်းသတ်ကျော်လွန်နေခြင်းကြောင့် ဦးတော်မြိ်န် (ခ) ဦးကျော်နိုင် စွဲဆိုသည့်အမှုကို ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်ကြောင်း"ကြားနာခဲ့သည့်ပြဿနာကို ဖြေဆိုခဲ့ပါသည်။

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ကြောင်း **၂၀၂၂ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်-၉** စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ပါသည်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းသီးနှံ ၂၁၂၂၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းသီးနှံ ၂၁၂၂၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၉၁၇၇ ဧကနှင့် ဖူးစားပြောင်း ၄၈၀၁ ဧက စုစုပေါင်း၂၃၉၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ဩဂုတ်လမှစတင် ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ဧက ၁၆၉၅၀ နှင့် ဖူးစားပြောင်း ၄၂၇၉ ဧက စုစုပေါင်း ၂၁၂၂၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၆၄ ဒသမ ၉၇ တင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၃၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၂၃၉၇၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း မြို့နယ်အလိုက် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ဖူးစားပြောင်း ၄၅၄ ဧက၊ဆွမ္မရာမြို့တွင် ဖူးစားပြောင်း ၁၀၁ ဧက၊ လဟယ်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၅၃၄၅ ဧက၊ ဖူးစားပြောင်း ၆၅ ဧက၊ ထန်ပါခွေမြို့တွင် အစေ့ထုတ်ပြောင်း ၁၆၀၅ ဧက၊ ဖူးစားပြောင်း ဧက ၅၀၊ နန်းယွန်းမြို့နယ်တွင် ဖူးစားပြောင်း ဧက ၃၁၀၊ ဒုံဟီးမြို့တွင် ဖူးစားပြောင်း ၂၉၈၈ ဧကနှင့် ပန်ဆောင်မြို့တွင် ဖူးစားပြောင်း ၃၁၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။ (၂၀၆)

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၅၃၅ ဧက စိုက်ပျိုးမည်

**မြောင်းမြ အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၅၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌မြေပဲ ၂၅၃၅ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါမြေပဲစိုက်ပျိုးမှုကို နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါမြေပဲကိုလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်အတွင်း ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၂၅၃၅ ဧကထိ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးမယ်။ အရင်နှစ်တွေကထက် အခုနှစ်မှာ ဆီထွက်သီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးမယ်။ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှား အန္တရာယ်ကင်းရှင်းဖို့အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းရေး၊ အရည်အသွေးနှင့် အထွက်နှုန်း ကောင်းစေရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကိုအထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

**ကျော်ကျော်လင်း**






# တူယှဉ်ဆင်နွှဲ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

စာပေဝတ္ထု၊ ရတုကဗျာ
ပျို့လင်္ကာနှင့်၊ သာသည့်သီချင်း
အဲစောင်းငြင်းနှင့်၊ မကင်းမပြတ်
ဖတ်ရွတ်လေ့ကျက်၊
တီးမှုတ်လျက်သာ နေကောင်းစွာ။
(ဝန်ကြီးပဒေသရာဇာ)

စာရေးသူငယ်စဉ်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်ရန်အတွက် သီချင်းတိုက်လေ့ကျင့်တိုင်း မဟာဂီတ (နိုင်ငံတော်မူ) သီချင်းစာအုပ်ကျောဖုံးပေါ်ရှိ ကုန်းဘောင်ခေတ် စာဆိုတော်ဝန်ကြီးပဒေသရာဇာရေးသားခဲ့သော ကဗျာလေးကို မြင်ပါများ၍ အလွတ်ရနေခဲ့သည်။ ယခုလည်း ၂၆ ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ပြိုင်ပွဲဝင် အဆင့်အလိုက် စံသီချင်းသတ်မှတ်မှုများကိုကြည့်ကာ လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုကျော် ကာလများဆီသို့ အတွေးပုံရိပ်များ ပြန်လည်ရောက်ရှိသွားသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအပေါင်းတို့သည် မိမိတို့ပိုင်ဆိုင်ထားကြသည့် ဘိုးဘေးအစဉ်အဆက် အဆင့်ဆင့်လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြသော ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုအမွေအနှစ်များကို ရှေ့ဆက်၍ လက်ဆင့်ကမ်းထိန်းသိမ်းကြရမည်ဖြစ်သည်။ ခေတ်ကာလများ မည်သို့ပင်ရွေ့လျားပြောင်းလဲစေကာမူ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ မေးမှိန်ပျောက်ကွယ်မသွားအောင် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ထို့ပြင် မျိုးဆက်သစ်များအနေဖြင့် မြန်မာ့ဂီတ၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို လက်ဆင့်ကမ်းကာ ထိန်းသိမ်းကြရမည်ဖြစ်သည်။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသော သမိုင်းပေးတာဝန်များမှာ နိုင်ငံသူနိုင်ငံသားတိုင်း၏ တာဝန်များပင်ဖြစ်သည်။

အထက်ပါ တာဝန်ဝတ္တရားများ ကျေပွန်နိုင်မည့် အခွင့်အရေးအပြင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို လေးစားချစ်ခင်ကြသော တိုင်းရင်းသားပြည်သူများ မျှော်လင့်နေကြသည့် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဇဟိုအဆင့်ကျင်းပခြင်းဖြစ်သည်။ ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် လူငယ်မျိုးဆက်သစ်များကို ရေးရှု၍ အခြေခံပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်သည်။

၁၉၉၃ ခုနှစ်မှ စတင်၍ ၂၀၁၆ ခုနှစ်ထိ နှစ်စဉ်ကျင်းပခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားရာမှ ၂၀၂၂ ခုနှစ်တွင် ၂၃ ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပခဲ့သည်။ ၂၀၂၅ ခုနှစ်ဆိုလျှင် ၂၆ ကြိမ်မြောက်ရှိပြီဖြစ်သည်။

ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ၂၀၂၅ ခုနှစ်ဆိုလျှင် နှစ်ပေါင်း ၃၂ ပင်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုစဉ်က အခြေခံပညာ အသက် ၁၂ နှစ်အောက်ဟူ၍ အငယ်ဆုံးအဆင့်




သတ်မှတ်ခဲ့ရာ ပျမ်းမျှ ၁၂ နှစ်အရွယ်ရှိခဲ့သည့် ပြိုင်ပွဲဝင်သည် ယခုဆိုလျှင် အသက် ၄၄ နှစ်အရွယ် လူလတ်ပိုင်းအရွယ်ကိုပင် ရောက်ရှိနေပြီဖြစ်သည်။ ထိုစဉ်က ပြိုင်ပွဲဝင်များသည် ယခုဆိုလျှင် သက်ဆိုင်ရာပညာရပ်အလိုက် အနုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတစသော ကဏ္ဍအသီးသီးတွင် ယဉ်ကျေးမှုနှင့် အနုပညာတာဝန်များကို ထမ်းရွက်နေကြပြီဖြစ်သည်။ တချို့ဆိုလျှင် ယဉ်ကျေးမှုတက္ကသိုလ်များတွင် နည်းပြနှင့်အခြားတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

စာရေးသူသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ ငါးနှစ်တိုင်တိုင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသည်။ ဓမ္မပူဇာတေး၊ ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး အဆိုပြိုင်ပွဲများတွင် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်နှင့် နိုင်ငံတော်အဆင့်များထိ အဆင့်ဆင့်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပခြင်းအားဖြင့် လူငယ်မျိုးဆက်သစ်များသည် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးမှုမှ လွတ်ကင်းပြီး ဇာတိသွေး၊ ဇာတိမာန်ထက်သန်ကာ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်စေမည်ဖြစ်သည်။ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့သုခုမပညာရပ်များသည် လူငယ်များ၏နှလုံးသား၌ ပိုမိုအားကောင်းရှင်သန်လာမည်ဖြစ်သည်။ ခေတ်ကာလရေစီးကြောင်း တိုက်စားဖြိုဖျက်ခြင်းကြောင့် ပျက်ယွင်းလာနိုင်သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို လက်ဆင့်ကမ်းကာ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ပိုမိုအားကောင်းလာမည်ဖြစ်သည်။ ထို့ပြင် နူးညံ့သိမ်မွေ့ပြီး ယဉ်ကျေးသော မျိုးဆက်သစ်များလည်း ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည်ဖြစ်သည်။ ယခုအခါ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ပြိုင်ပွဲဝင်များသည် အနုပညာနယ်ပယ်တွင် အောင်မြင်မှုများရရှိကာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ခဲ့ကြပြီဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့သည်။ ပြိုင်ပွဲကြီး စတင်ကျင်းပသည့်နှစ်မှ စ၍ ၁၃ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲထိသည် ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ် ၁၄ ကြိမ်မြောက်မှ စတင်၍ နေပြည်တော်သို့ ပြောင်းရွှေ့ကျင်းပခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်၌ ရွေးကောက်ပွဲကျင်းပခြင်းကာလဖြစ်သဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မကျင်းပနိုင်ဘဲ တစ်နှစ်ရပ်ဆိုင်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ၁၈ ကြိမ်မြောက် ပြိုင်ပွဲအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ၁၉ ကြိမ်မြောက် ပြိုင်ပွဲအဖြစ်လည်းကောင်း နေပြည်တော်၌ ဆက်လက်ကျင်းပခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပချိန်နှင့် တိုက်ဆိုင်နေသောကြောင့် အကြိမ် ၂၀ မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဇဟိုအဆင့် သတ်မှတ်ကျင်းပခဲ့သည်။ ၂၀၁၄ ခုနှစ်တွင်လည်း ASEAN SUMMIT အခမ်းအနားနှင့် တိုက်ဆိုင်နေသောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ပြိုင်ပွဲများကို ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် မေလတွင် ၂၁ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဇဟိုအဆင့်အဖြစ် နေပြည်တော်၌ ပြန်လည်ကျင်းပခဲ့ရာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ၂၂ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော ၂၃ ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခင်ပြုလုပ်နေကျ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့၌ မပြုလုပ်ဘဲ MICC-2၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ အမျိုးသားပြတိုက် (နေပြည်တော်)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယဉ်ကျေးမှုရတနာခန်းမနှင့် လေ့ကျင့်ရေးဇာတ်ရုံ၊ နေပြည်တော် မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံ စသည့်နေရာသစ်များသို့ ပြောင်းရွှေ့ကျင်းပခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဇဟိုအဆင့်) ပြိုင်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၌ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ထို့ကြောင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်များအနေဖြင့် ယခုအခါ နေပြည်တော်သို့ ရောက်ရှိနေကြပြီဖြစ်သည်။

မြန်မာတိုင်းရင်းသားတို့သည် တိုင်းပြည်ချစ်စိတ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးစိတ်၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့ကို ဖြစ်ပေါ်အားကောင်းစေနိုင်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ပါဝင်ဆင်နွှဲကြရမည်ဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော မြန်မာတိုင်းရင်းသားပေါင်းစုံ ပါဝင်ဆင်နွှဲပြီး မြန်မာတို့၏အနှစ်သာရ မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့တူရိယာ အစုံအလင်ဖြင့် ခံ့မင်နှစ်သက်ဖွယ် တင်ဆက်ယှဉ်ပြိုင်ကြမည့် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပျော်ပျော်ရွှင်ရွှင် တူယှဉ်နွှဲပျော် ဆင်နွှဲနိုင်ပါစေကြောင်း ဆန္ဒပြုတင်ပြလိုက်ပါသည်။

**မောင်လေပြေ(တောင်တွင်း)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# အာရှနိုင်ငံများတွင် အသုံးပြုလျက်ရှိသော လေကြောင်းရန်ကာကွယ်ရေးစနစ်များ အပိုင်း(၂)

အိန္ဒိယနိုင်ငံ၏ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည် သုတေသနပြုတည်ဆောက်မှုလုပ်ငန်း၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အခြားလုပ်ငန်းတစ်ခုသည် ဒေါင်လိုက်ပစ်ခတ်နိုင်သော မြေပြင်မှဝေဟင်ပစ်တာတိုပစ်ဒုံးကျည် (VL-SRSAM)ဖြစ်သည်။ အိန္ဒိယရေတပ်ရှိ တိုက်ခိုက်ရေးစစ်ရေယာဉ်များ၏ ဝေဟင်ကာကွယ်ရေးစွမ်းဆောင်ရည်များကို မြှင့်တင်ရန်ရည်မှန်းလျက် ၎င်းဒုံးကျည်ကို ပြည်တွင်း၌ပင် ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်သည်။ VL-SRSAM ဒုံးကျည်သည် အလျား ၃ ဒသမ ၈ မီတာခန့်ရှိပြီး အမြန်နှုန်း Mach 4 ဖြင့် ကီလိုမီတာ ၄၀ မှ ကီလိုမီတာ ၅၀ ထိရောက်ရှိပစ်ခတ်နိုင်သည်။

MoD အဆိုအရ VL-SRSAM ဒုံးကျည်ကို ပေါက်ကွဲအားပြင်း ကျည်ထိပ်ဖူးတပ်ဆင်ထားရှိပြီး ပေါက်ကွဲမှုနောက်ဆုံးအဆင့်သို့ မရောက်သေးမီ ပျံသန်းမှုအတွက် ရေဒီယိုကြိမ်နှုန်း အထောက်အကူပြုလမ်းကြောင်းရှာစနစ်ကို အသုံးပြုထားသည်။ လေယာဉ်များအပြင် ရေပြင်ပစ်ဒုံးကျည်များကို ချေမှုန်းနိုင်ရန် ၎င်းဒုံးကျည်ကို ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် ယခုနှစ် မတ် ၂၆ ရက်တွင် ၎င်းစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့သည်။ VL-SRSAM ဒုံးကျည်သည် ကုန်းမြေအခြေစိုက် ဒေါင်လိုက်ပစ်လွှတ်မှုစင်မှ ပစ်လွှတ်ပြီးနောက် ထောင့်ကျဉ်းအနေအထားဖြင့် ပျံသန်းလာသည့်မြန်နှုန်းမြင့် ပစ်မှတ်များကို ချေမှုန်းနိုင်စွမ်းရှိကြောင်း MoD က ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ထိုသို့စမ်းသပ်မှုအတွင်း အနီးကပ်ရောက်ရှိလာသည့်ပစ်မှတ်ကို လုံးဝဖျက်ဆီးနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

**တောင်ကိုရီးယားနိုင်ငံ**

တောင်ကိုရီးယားနိုင်ငံ ကြည်းတပ်(ROKA)သည် မြေပြင်လှုပ်ရှားတပ်ဖွဲ့များကိုကာကွယ်နိုင်ရန် အထူးအလေးထားလုပ်ဆောင်လျက်ရှိပြီး ထိုသို့ကာကွယ်နိုင်ရန်အတွက် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များတပ်ဖြန့်ချထားသည်။ ထိုသို့တပ်ဖြန့်ချထားသည့်စနစ်တွင် Hanwha အာကာသလုပ်ငန်း၏ Hybrid Biho လေကြောင်းရန်ကာကွယ်ရေးစနစ်လည်းပါရှိသည်။ ၎င်းစနစ်သည် ရဟတ်ယာဉ်များ၊ ဒုံးကျည်များနှင့် မောင်းသူမဲ့လေယာဉ်များကဲ့သို့သော အနိမ့်ပျံခြိမ်းခြောက်မှုများကို ကာကွယ်နိုင်ရန် ဒီဇိုင်းရေးဆွဲထားရှိခြင်းဖြစ်သည်။ ချိန်းတပ်ယာဉ်ပေါ်တွင်တင်ထားသည့်Hybrid Biho စနစ်ကို သုံးကီလိုမီတာထိရောက်ရှိပစ်ခတ်နိုင်သော Oerlikon Contraves KCB-B အမျိုးအစား မီလီမီတာ ၃၀ စိန်ပြောင်းနှစ်လက်အပြင် LIG Nex1 Shingung (Chiron) တာတိုပစ် SAMs တစ်စုံလည်းပါရှိသည်။ ထို့ပြင် TPS-830K X-band ကင်းထောက်ရေဒါနှင့် အီလက်ထရွန်နစ် အထောက်အကူပြုပစ်မှတ်ရှာစနစ်၊ TV နှင့် လေဆာရောင်ခြည်သုံးရှာဖွေရေးကိရိယာများလည်း တပ်ဆင်ထားရှိသည်။

တောင်ကိုရီးယားနိုင်ငံ ကြည်းတပ်သည် Chunma ပဲ့ထိန်း SAM စနစ်ကိုလည်း တပ်ဖြန့်ချထားပြီး ၎င်းစနစ်သည် အကွာအဝေး ၃၅ ကီလိုမီတာရှိ ဝေဟင်ခြိမ်းခြောက်မှုများကို ရာသီမရွေးထောက်လှမ်းနိုင်သည့် S-band ကင်းထောက်နှင့် Ku-band ခြေရာခံရေဒါများ၊ TV နှင့် အနီအောက်ရောင်ခြည်သုံးကင်မရာများ တပ်ဆင်ထားရှိသည်။ Chunma ကို VT-1 အမျိုးအစား ပေါက်ကွဲအားပြင်းဒုံးကျည်များ တပ်ဆင်ထားရှိပြီး ၎င်းဒုံးကျည်များသည် အကွာအဝေး ၁၁ ကီလိုမီတာထိရောက်ရှိ ပစ်ခတ်နိုင်ကာ အမြင့်ဆုံးမြန်နှုန်း Mach 3.5 ဖြင့် ပျံသန်းနိုင်သည်။ မကြာသေးမီအချိန်တွင်းကပင် တောင်ကိုရီးယားနိုင်ငံ၏ လက်နက်ဝယ်ယူမှုနှင့် စီမံခန့်ခွဲမှုအဖွဲ့ (DAPA)သည် L-SAM II ဟုခေါ်ဆိုသည့် မျိုးဆက်သစ် တာဝေးပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်(L-SAM) ကို သုတေသနပြုထုတ်လုပ်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ လက်နက်ဝယ်ယူမှုနှင့် စီမံခန့်ခွဲမှုအဖွဲ့က ၂၀၂၈ ခုနှစ်ထိ L-SAM II သုတေသနပြုတည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၃၈၉ ဒသမ ၉ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက် ထုတ်ပြန်ချက်၌ ပြောကြားသွားခဲ့ပြီး ၎င်းလုပ်ငန်းတွင် နိုင်ငံပိုင် ကာကွယ်ရေးဖွံ့ဖြိုးမှုအေဂျင်စီ (ADD) နှင့် ကုမ္ပဏီ ၁၉ ခုခန့်ပါဝင်မည်ဖြစ်သည်။ L-SAM II သည် မူလထုတ် L-SAM စနစ်ထက် အမြင့်ပျံနှင့် တာဝေးမှ ပျံသန်းလာသော ဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရှိကြောင်း နိုင်ငံပိုင်ကာကွယ်ရေးဖွံ့ဖြိုးမှုအေဂျင်စီက ကောက်ချက်ချပြောကြားသွားခဲ့သည်။ L-SAM သုတေသနပြုတည်ဆောက်မှုကို ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်း၌ အပြီးသတ်ခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း ဆက်တိုက်ထုတ်လုပ်မှုများလုပ်ဆောင်သွားမည်ဟု မျှော်မှန်းထားရှိသည်။ L-SAM သည် အကွာအဝေး ကီလိုမီတာ ၁၅၀ နှင့် အမြင့် ကီလိုမီတာ ၄၀ မှ ကီလိုမီတာ ၁၀၀ ကြား ပျံသန်းနေသော ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ ၎င်းစနစ်ကို ၂၀၁၉ ခုနှစ်ကတည်းက နိုင်ငံပိုင်ကာကွယ်ရေးဖွံ့ဖြိုးမှုအေဂျင်စီ နှင့် LIG တို့က သုတေသနပြုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

L-SAM တပ်ခွဲတစ်ခွဲသည် လုပ်ငန်းတာဝန်ပေါင်းစုံပါသော ရေဒါ၊ ကွပ်ကဲမှုနှင့်ထိန်းချုပ်မှုစင်တာ၊ တိုက်ခိုက်မှုထိန်းချုပ်ရေးစတေရှင်နှင့် ယာဉ်တင်ပစ်လွှတ်မှုကိရိယာ လေးခုတို့ပါရှိပြီး ၎င်းတို့အနက် နှစ်ခုကို လေယာဉ်ပစ်နှင့် အခြားနှစ်ခုကို ပဲ့ထိန်းဒုံးဖျက်ဒုံးကျည်များ တပ်ဆင်ထားရှိသည်။ တောင်ကိုရီးယားနိုင်ငံ၏ လက်နက်ဝယ်ယူမှုနှင့်စီမံခန့်ခွဲမှုအဖွဲ့က ၎င်းတို့အနေဖြင့် ၂၀၂၄ မှ ၂၀၃၅ ခုနှစ်အတွင်း L-SAM II သုတေသနပြုတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၆ ဘီလီယံ ရန်ပုံငွေထူထောင်ထားရှိကြောင်း ၂၀၂၃ ခုနှစ် ဧပြီလအတွင်း၌ ထုတ်ပြန်ကြေညာသွားခဲ့သည်။ အဆိုပါလုပ်ငန်း၌ မြောက်ကိုရီးယား၏ နောက်ဆုံးပေါ် အသံလွန်လက်နက်များနှင့် တိုက်ချင်းပစ်ဒုံးကျည်များကို တုံ့ပြန်နိုင်ရန်ရည်မှန်းလျက် ကြားဖြတ်ဒုံးကျည်များ သုတေသနပြုတည်ဆောက်မှုလုပ်ငန်းစဉ်များလည်းပါရှိမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ကိုရီးယားသံကွန်ချာဟုခေါ်ဆိုသည့် အနိမ့်ပျံဒုံးကျည်ကာကွယ်ရေး(LAMD) စနစ်ကိုလည်း အရှိန်အဟုန်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ အဆိုပါစနစ်သည် မြောက်ကိုရီးယား၏တာဝေးပစ်အမြောက်များကို တန်ပြန်တိုက်ခိုက်သွားမည်ဖြစ်သည်။ LAMD များ ပိုမိုသုတေသနပြုတည်ဆောက်မှုကို ၂၀၂၅ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ လက်နက်ဝယ်ယူမှုနှင့် စီမံခန့်ခွဲမှုအဖွဲ့က ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်သွားခဲ့သည်။ အဆိုပါ ထုတ်လုပ်မှုကို နိုင်ငံပိုင်ကာကွယ်ရေးဖွံ့ဖြိုးမှုအေဂျင်စီ၏ဦးဆောင်မှုဖြင့် LIG Nex1 နှင့် စက်မှုလုပ်ငန်းပိုင်းဆိုင်ရာ မိတ်ဖက်လုပ်ဆောင်ခဲ့သည်။ LIG Nex1 သည် ၂၀၂၂ ခုနှစ်တွင် ၎င်းစနစ်ကို စတင်သုတေသနပြုတည်ဆောက်ခဲ့ပြီး အဓိကကျသော သုတေသနလုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇွန်လတွင် အပြီးသတ်လုပ်ဆောင်နိုင်ခဲ့သည်။



တောင်ကိုရီးယား၏ တာဝေးပစ်မြေပြင်မှဝေဟင်ပစ်ဒုံးကျည်(L-SAM)ကို တွေ့ရစဉ်။

**တရုတ်(တိုင်ပေ)**

တရုတ်(တိုင်ပေ)သည် မူလတပ်ဖြန့်ချထားသည့် MIM-23 Hawk နှင့် Sky Bow II လေကြောင်းရန်ကာကွယ်ရေးနေရာများ၌ ပြည်တွင်းထုတ် Sky Bow III SAM စနစ်များကို အင်အားဖြည့်တင်းထားရှိသည်။ တရုတ်(တိုင်ပေ) အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် လွှတ်တော်သို့တင်သွင်းသည့် အစီရင်ခံစာ၌ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် Sky Bow III စနစ်များ ပိုမိုစွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် Hawk နှင့် Sky Bow II နေရာများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားရှိသည်။ တရုတ်နိုင်ငံ၏နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များ၏ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အမျိုးသားသိပ္ပံနှင့်နည်းပညာ Chung-Shan အင်စတီကျု(NCSIST)က Sky Bow III ကို သုတေသနပြု တည်ဆောက်ထားရှိခြင်းဖြစ်သည်။

Sky Bow I နှင့် II စနစ်ကို အခြေခံတည်ဆောက်ထားသော Sky Bow III သည် ဖွဲ့စည်းတည်ဆောက်မှုပိုင်းဆိုင်ရာတူညီသော်လည်း စွမ်းဆောင်ရည်ပိုမိုမြင့်မားပြီး အီလက်ထရွန်နစ်အထောက်အကူပြုရေဒါဖြင့် ပဲ့ထိန်းလမ်းညွှန်မှုပြုလုပ်ထားသည်။ ၎င်းစနစ်သည် အမေရိကန်နိုင်ငံထုတ် Patriot PAC-2 စနစ်ကဲ့သို့ပင် ထိရောက်မှုရှိသည်ဟု ယုံကြည်ထားရှိသည်။ တရုတ်(တိုင်ပေ)သည် Land Sword II ဟုခေါ်ဆိုသည့် ကုန်းမြေအခြေစိုက်မှုကွဲဖြစ်သော တာတိုမှတာလတ်ထိပစ်ခတ်နိုင်သည့် Sky Sword II ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်ကိုလည်း တပ်ဖြန့်ချထားလျက်ရှိသည်။ Land Sword II စနစ်သည် CS/MYS-951 တိုက်ပွဲစီမံခန့်ခွဲမှုစင်တာ၊ ဒုံးကျည်ပစ်လွှတ်မှုကိရိယာ ငါးခုနှင့် CS/MPQ-951 ရေဒါတစ်စုံတို့ပါရှိသည်။ တရုတ်(တိုင်ပေ) ကြည်းတပ်၏ အမှတ်(၄၃)အမြောက်ကွပ်ကဲမှုဌာနချုပ်နှင့် အမှတ် (၂၁) အမြောက်ကွပ်ကဲမှုဌာနချုပ်တို့သည် ၎င်းစနစ်၏ထိရောက်မှုနှင့်လိုက်လျောညီထွေတာဝန်ထမ်းဆောင်နိုင်မှုတို့ကို မကြာသေးမီအချိန်အတွင်းကပင် စမ်းသပ်ပြုလုပ်ခဲ့သည်။ NCSIST က သုတေသနပြုတည်ဆောက်ထားသော Land Sword II SAM စနစ်များကို ၂၀၂၃ ခုနှစ် နှောင်းပိုင်းမှစ၍ တရုတ်(တိုင်ပေ)ကြည်းတပ်ကို လွှဲပြောင်းပေးခဲ့သည်။

အာရှ-ပစိဖိတ်ဒေသတွင်းရှိနိုင်ငံများအနေဖြင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာပြောင်းလဲဖြစ်ပေါ်မှုများ၊ နည်းပညာပိုင်းဆိုင်ရာအဆင့်မြင့်တိုးတက်လာမှုများနှင့် မဟာဗျူဟာမြောက် ထည့်သွင်းစဉ်းစားတွက်ချက်မှုများကြောင့်ထွက်ပေါ်လာသည့် ဖြစ်စဉ်ဖြစ်ရပ်များကို ရင်ဆိုင်လာရလျက်ရှိသဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ အဆင့်မြှင့်တင်ရာတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် ဒေသတွင်းရှိနိုင်ငံများသည် လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်များမြှင့်တင်ရန်ကြိုးပမ်းပြီး ယိုယွင်းပျက်စီးလာသောလုံခြုံရေးဆိုင်ရာဝန်းကျင်တွင် မဟာဗျူဟာမြောက်တည်ငြိမ်မှုကိုဆက်လက်ထိန်းသိမ်းနိုင်ရန်ကြိုးပမ်းလျက်ရှိသောကြောင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ တည်ဆောက်ရေးအတွက်ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်လုပ်ဆောင်လာဖွယ်ရာရှိနေသည်။

မျက်မှောက်ကာလတွင် အသံလွန်ဒုံးကျည်များ၊ ဒရုန်းများနှင့် မောင်းသူမဲ့လေယာဉ်များသည် ခေတ်သစ်စစ်ပွဲကိုအဆုံးအဖြတ်ပေးရာ၌ အခရာကျလာပြီဖြစ်သည်။ ထို့ကြောင့် ငွေကြေးခနအင်အားကြွယ်ဝသောနိုင်ငံများသည် ပြိုင်ဘက်နိုင်ငံများနှင့် ရန်သူများ၏ ဒုံးကျည်အန္တရာယ်များကို ကာကွယ်နိုင်ရန် လေကြောင်းရန်ကာကွယ်ရေးစနစ်များ တည်ဆောက်ရာ၌ ငွေကြေးအမြောက်အမြားရင်းနှီးမြှုပ်နှံလျက်ရှိသည်။ သာဓကအနေဖြင့် အမေရိကန်နိုင်ငံသည်ပင်လျှင် အမိမြေလုံခြုံရေးအတွက် ရွှေကွန်ချာဒုံးကာစနစ်တည်ဆောက်ရန် ဘဏ္ဍာငွေ အမြောက်အမြားရင်းနှီးမြှုပ်နှံကာ ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထိုသို့သောအခြေအနေမျိုးတွင် မိမိတို့တပ်မတော်အနေဖြင့်လည်း အနာဂတ်တွင်ကြုံတွေ့ရနိုင်သည့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရေးအတွက် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များ ဝယ်ယူဖြည့်တင်းထားရှိသင့်ကြောင်း သုံးသပ်ရေးသားလိုက်ရပါသည်။

**ကိုးကား**

- DEFENDING ASIAN SKIES BY ASIAN MILITARY REVIEW MAY/ JUNE 2025.

**ဝင်းဇင်(သုတေသန)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့ သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

**၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

**၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

**၅။ ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

**၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

**၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

**၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

**၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

**၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

**၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

**၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

**၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အမက(၂၈) Grade-4 တွင် ပညာသင်ကြားနေသော မောင်မင်းသက်ဦး၏ ဖခင်အမည်မှန်မှာ ဦးရာစင် ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၈-၃-၂၀၀၀ ဖြစ်ပါသည်။

ဦးရာစင် (၉/မဟာမ(ပြု)၀၀၀၂၅၆)

## မိခင်အမည်မှန်

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မငြိမ်းနန္ဒာထွန်း၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်မွှေးမွှေး ဖြစ်ပါကြောင်း။

ဒေါ်မွှေးမွှေး(၉/ခအဇ(နိုင်)၀၁၇၈၆၂)

## ဖခင်အမည်မှန်

မန္တလေး ချမ်းမြသာစည်မြို့နယ် အထက(၃၆) Grade-5 (A)တွင် ပညာသင်ကြားနေသော မဟေမာန်ဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရဲကျော်အောင် ဖြစ်ပါကြောင်း။

ဦးရဲကျော်အောင်(၉/ခမစ(နိုင်)၀၃၆၀၆၅)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၃ (ရုံးချိန်အတွင်း)

## မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြှိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ် တွားသွားပြီးထွက်ခွာပါ။ ( ကြမ်းပြင်ပေါ် တွားသွားခြင်းဖြင့် အောက်စီဂျင် ပြတ်လပ် ခြင်းကို ကာကွယ်နိုင်ပြီး ရှေ့မြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



❖ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးမြှင့်၍ ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရန်လို...

❖ ဈေးကွက်ရှိပြီးဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန်လို...

❖ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal – AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ၊ ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကျောက်မဲမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၇

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter – Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စာမျက်နှာ ၁၈ ကော်လံ ၁ ☆

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၀ ဦး သက်ဆိုင်ရာ နိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ် စာမျက်နှာ - ၂၀

တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၂၀၇ ကီလို ဖမ်းဆီးရမိ စာမျက်နှာ - ၂၂

# AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် ငွေကျပ် ၁၉၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ရန်ကုန်မြို့၌ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာ တားဆီးကာကွယ် တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် ငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံခန့်တန်ဖိုးရှိ အိုက်စ် ၃၄၃၈ ကီလိုဂရမ်၊ ကက်တမင်း ၂၁၉၈ ကီလိုဂရမ်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် စာမျက်နှာ ၂၁ ကော်လံ ၁ ❍



လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းမပေါ်နှင့် ထန်းတပင်မြို့နယ် နေအိမ်တို့၌ ဖမ်းဆီးရမိသည့် တရားခံများနှင့် မူးယစ်ဆေးဝါးများ၏ မှတ်တမ်းဓာတ်ပုံ။

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257